
မိုက်ကြေးမိုက်ခြင်



ပ + ဒု
နှစ်အုပ်တွဲ

ဝဏ္ဏအောင်

# မိုက်ကြေးမိုက်ပြစ်

( ဒုတိယပိုင်း ဇာတ်သိမ်း )

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး .... ဒို့အရေး။
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး .... ဒို့အရေး။
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး .... ဒို့အရေး။

နိုင်ငံတော်ပွဲစည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

---

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



---

ည....

ကောင်းကင်ပေါ်တွင် ကြယ်ကလေးများ တလက်လက် တောက်ပလျက် ရှိပေသည်။

လခြမ်းပဲ့ကွေးကွေးလေးကလည်း တွဲလွဲခိုလျက်ရှိနေသည်။

အေးမြသော ညလေများက သုန်သုန်ညင်းညင်း တိုက်ခတ်ရင်း မွှေးကြိုင်သော ပန်းရနံ့များ သယ်ဆောင်လာလေသည်။

ယိလင်းသည် ပြတင်းပေါက်မှတစ်ဆင့် ပန်းဥယျာဉ်ကြီးကို ငေးမောကြည့်ရင်း ည၏သဘာဝအလှအပကို ခံစားနေလသည်။

ခါတိုင်းဆိုလျှင် သူ၏ဦးခေါင်းထဲ၌ စီးပွားရေးလုပ်ငန်းများသာလျှင် စိုးမိုးနေရာယူထားလေသည်။

အထည်အလိပ်ဈေးကွက်အသစ်များ ရှာဖွေနိုင်ရန်ပြိုင်ဘက် အထည်အလိပ် ကုန်သည်များထက် ပို၍ကောင်းမွန်ပြီး ဈေးနှုန်းချိုသာသော အထည်အလိပ်များ ထုတ်လုပ်နိုင်ရန် ကြံစည်ရသည်၊ တီထွင်ရသည်။

နေ့ရောညပါ အလုပ်က သူ့အားလွှမ်းမိုးထား၏။

ကုန်ကုန်ပြောရလျှင် အိပ်ပျော်၍ အိပ်မက်မက်သည့်အချိန်၌ပင် အရောင်းအဝယ်ကိစ္စများ မြင်မက်တတ်ပေသည်။

ယခုတော့....

ယိုလင်း၏ အခြေအနေသည် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားခဲ့ပြီ ဖြစ်လေသည်။

စီးပွားရေးကိစ္စများ သူ၏ဦးခေါင်းထဲ၌ မရှိတော့ပါ။

အမြတ်အစွန်းရသည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေသူက စိတ်မဝင်စားတော့ပါ။

သူစိတ်ဝင်စားသည်မှာ မိန်းမချောလေး ချင်းယင်သာလျှင် ဖြစ်ပါတော့သည်။

တစ်သက်လုံး မိန်းကလေးများနှင့် ကင်းကင်းရှင်းရှင်းနေခဲ့သော လူပျိုကြီးသည် ဝိုင်းဝိုင်းလည်နေသော အပျိုစင်



မိန်းကလေးများကိုကျော်၍ တစ်ခုလပ်မလေး ချင်းယင်အား မျက်စိကျမိသည်မှာ အံ့ဩစရာကောင်းလှပေသည်။

ယိုလင်းနှင့် ချင်းယင်တို့၏ အခြေအနေသည် မိုးနှင့်မြေပမာ ကွာခြားလှပေသည်။

ချင်းယင်သည် ဆင်းရဲသော်လည်း မာနရှိသူလေး ဖြစ်သည်။

သူမ၏သားငယ်သည် သူမ၏ဘဝ ဖြစ်သည်။

ထိုဘဝလေးထဲသို့ လူစိမ်းတစ်ယောက်အား အဝင်ခံဖို့ဆိုသည်မှာ မလွယ်လှသောကိစ္စ ဖြစ်လေသည်။

ချင်းယင်၏ ဘဝလေးထဲသို့ ဝင်ဖို့ခက်ခဲလှသလို သူ၏ဘဝလေးထဲသို့ ချင်းယင်အား ခေါ်သွင်းဖို့လည်း ခဲယဉ်းမည်ဖြစ်ကြောင်း နားလည်ထားလေသည်။

မိခင်ဖြစ်သူမှာ မည်သည့်နည်းနှင့်မျှ သဘောတူလိမ့်မည်မဟုတ်ပေ။

ယခုပင်လျှင် သူ့အား အိမ်ထောင်ချပေးရန် စိုင်းပြင်းနေသည် မဟုတ်ပါလား။

အကယ်၍....

သူက ချင်းယင်အပေါ် စိတ်ဝင်စားနေသည်ကိုသာ မိခင်ကြီး သိရှိသွားမည်ဆိုပါလျှင်....

ယိုလင်း ပင့်သက်ရှူလိုက်မိသည်။

'ငါဘာလုပ်ရမလဲ'

ဟုလည်း ညည်းတွားလိုက်မိလေသည်။

ရုတ်တရက်....

ည၏ သဘာဝအလှအပများသည် ကွယ်ပျောက်သွားပြီး စိတ်ပျက်စရာ ကောင်းအောင် အကျည်းတန်လာသည်ဟု ခံစားလိုက်ရလေသည်။

*   *   *

ညက အိပ်ရေးပျက်ထားသဖြင့် အတော်နေမြင့်မှယိုလင်း အိပ်ရာမှ ထဖြစ်ခဲ့လေသည်။

မျက်နှာသစ် ကိုယ်လက်သန့်စင်ပြီး နံနက်စာ လက်ဖက်ရည်နှင့် မုန့်များ စားသောက်လိုက်သည်။

ထိုစဉ်....

'သား'



ခေါ်သံနှင့်အတူ မိခင်ကြီးက ရှေ့သို့ရောက်လာလေသည်။

ယိုလင်းသည် ကိုယ့်အကြောင်းနှင့်ကိုယ်မို့ မိခင်ကြီးအား မျက်နှာချင်းမဆိုင်ဝံ့အောင် ဖြစ်နေသည်။

'ဪ....မေမေ'

သူ၏အသံ ခြောက်သွေ့အက်ကွဲနေသည်။

ယိုလင်း၏မိခင်ဖြစ်သူသည် ယိုလင်းအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်လေသည်။

သူမသည် ချမ်းသာကြွယ်ဝရာတွင် နာမည်ကြီးသည့် မေအမျိုးအနွယ်မှ ဆင်းသက်ပေါက်ဖွားလာပြီး မေဝါးဟု အမည်ရှိသော တစ်ဦးတည်းသော သမီးလည်းဖြစ်သည်။

ယိုမိသားစုစံအိမ်တွင် ဩဇာအကြီးမားဆုံး သခင်မလည်း ဖြစ်ပေသည်။

မိခင်ကြီးမေဝါးက စေ့စေ့စပ်စပ် အကဲခတ်နေသဖြင့် ယိုလင်း မနေတတ်အောင် ဖြစ်သွားလေသည်။

'မေမေ ဘာကြည့်နေတာလဲဟင်'

ဟု မလုံမလဲ မေးလိုက်လေသည်။

မေဝါးက....

'ခုတစ်လော သားရဲ့အခြေအနေ အတော်ကလေးကို ပြောင်းလဲနေပါလား၊ ဘာတွေများ ထူးခြားနေလို့လဲ ပြောပါဦး'

ဟု မေးလာလေသည်။

သူမသည် ယိလင်းနှင့် မျက်နှာချင်းဆိုင် ထိုင်ချလိုက်လေသည်။

ယိလင်းမှာ မိခင်အား ရှောင်ထွက်သွားဖို့မဖြစ်နိုင်တော့ပေ။

'ကျွန်တော် အရင်အတိုင်းပါပဲမေမေ၊ ဘာမှမပြောင်းလဲပါဘူး၊ မေမေ့စိတ်ထင်လို့ နေမှာပါ'

မေဝါးက တဟင်းဟင်း ရယ်မောလိုက်လေသည်။

'သားရယ်.... မင်းကို မေမေမွေးထားတာပါ၊ ပြီးတော့ မေမေက ကိုယ့်သားအခြေအနေ ဘယ်လို ရှိတယ်ဆိုတာကို အမြဲတမ်း မျက်ခြည်မပြတ် ကြည့်နေခဲ့တယ်ဆိုတာ မမေ့ပါနဲ့ကွယ်၊ ခုတစ်လော သားက ခရီးထွက်ဖို့ စိတ်မကူးတော့ဘူး၊ အိမ်လဲမကပ်ဘူး၊ ဆိုင်မှာပဲအနေများတယ်၊ ဘာလဲ....သားက စိတ်ဝင်စားရမယ့် မိန်းကလေး တစ်ယောက်ယောက်ကိုများ တွေ့နေပြီလား'

ယိလင်းသည် မိခင်၏ရှေ့မှောက်မှ ထွက်ပြေးရန် စိတ်ကူး ဖြစ်ပေါ်လာလေတော့သည်။



မေဝါးက....

'ကဲ....မေမေမေးတာကို ဖြေပါဦး၊ သားစိတ်ဝင်စားတဲ့ မိန်းကလေးတစ်ယောက်ယောက်ကိုများတွေ့ထားပြီးပြီလား'

ဟု ထပ်မေးလိုက်လေသည်။

ယိလင်း ခေါင်းခါယမ်းလိုက်သည်။

'မတွေ့သေးပါဘူး မေမေ'

မေဝါးက....

'ဒါဆို အတော်ပဲ၊ သားရဲ့ကိစ္စကို မေမေ စိတ်တိုင်းကျ စီစဉ်ဖို့ နောက်ဆံငင်စရာအကြောင်း မရှိတော့ဘူးပေါ့'

'ဗျာ'

'သားရဲ့ မင်္ဂလာကိစ္စကို မေမေ စီစဉ်တော့မယ်လေ၊ ဒီမယ်သား၊ လုယန်းမြို့က ရွှေနဂါးကုမ္ပဏီချုပ်ရဲ့ သမီးလေး ဆွေရှမ်းနဲ့ သားကိုလက်ထပ်ပေးဖို့ မေမေတို့ နားဖောက်ထားပြီးပြီ၊ သူတို့ဘက်ကလဲ လက်ခံကြမှာ သေချာနေပြီကွယ့်'

'မေမေ....ကျွန်တော် အိမ်ထောင်မပြုချင်သေးဘူး၊ လွတ်လွတ်လပ်လပ် နေချင်ပါသေးတယ် မေမေ'

ယိလင်း ကပျာကယာလှုပြောလိုက်လေသည်။

မေဝါး ပြုံးလိုက်သည်။

'သားက လူပျိုကြီးဘဝနဲ့ တစ်သက်လုံး အရိုးထုတ်တော့မှာပေါ့ ဟုတ်လား'

'မေမေရယ်၊ ကျွန်တော်မှ အိမ်ထောင်ရေးကို စိတ်မဝင်စားတာဘဲ'

ရုတ်တရက် မေဝါး၏မျက်နှာ ခက်ထန် တင်းမာသွားလေသည်။

ယိလင်းကို စိုက်ကြည့်လိုက်ပြီး....

'သားက တကယ်ပဲ အိမ်ထောင်ရေးကို စိတ်မဝင်စားဘူး ဟုတ်လား'

'ဟုတ်....ဟုတ်ကဲ့ မေမေ'

'သားရယ်၊ မင်းကို မေမေ မွေးတာပါ၊ ဘယ်ခြေလှမ်း လှမ်းရင် ဘယ်ကိုရောက်တယ်ဆိုတာ မေမေ သိပါတယ်ကွယ်'

'ဗျာ'

'သား....အခုတစ်လော အထည်အလိပ် အဆင်ဆန်းတွေ ရက်လုပ်တတ်တဲ့ မုဆိုးမလေး ချင်းယင်ဆီကို ခြေဦးလှည့်နေတယ်ဆို'

'မေမေ'

ယိလင်း လွှတ်ခနဲ အော်လိုက်မိလေသည်။



မိခင်၏စကားကြောင့် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

မေဝါး ပြုံးလိုက်သည်။

'သားကိုယ်သား လုံလုံပြီလို့တင်နေတယ်ပေါ့လေ၊ သား ဘယ်ကိုသွားတယ် ဘာလုပ်တယ်ဆိုတာ အားလုံး မေမေက မျက်လုံး ဒေါက်ထောက် ကြည့်နေတယ်ဆိုတာ မမေ့ပါနဲ့လေ'

ယိလင်းက မျက်နှာမပျက်ရအောင် ထိန်းချုပ်ရင်း....

'မေမေ၊ ချင်းယင်ရက်လုပ်တဲ့အထည်တွေဟာ အဆင်ဆန်းတွေပါ၊ ဘယ်သူကမှ ဒီလို လက်ရာမျိုးကို ရက်လုပ်နိုင်မှာ မဟုတ်ပါဘူး၊ သူ့ဆီက အထည်နမူနာယူပြီး ရက်ကန်းအလုပ်ရုံထူထောင်လိုက်ရင် အတော့်ကို အမြတ်အစွန်း ရပါလိမ့်မယ်၊ ကျွန်တော်တို့ရဲ့ အစဉ်အလာပြိုင်ဘက်တွေ မယှဉ်သာအောင် ကျော်ဖြတ်သွားနိုင်မှာပါ မေမေ'

ဟု ပြောလိုက်လေသည်။

မေဝါးက....

'ဪ....သားက စီးပွားရေးအတွက် သားက ချင်းယင်ဆီကို သွားတာပေါ့ ဟုတ်လား'

'ဟုတ်ပါတယ် မေမေ'

'ဒါဆို မသွားနဲ့တော့'

'ဗျာ'

မိခင်၏ စကားကြောင့် ယိလင်း ကြောင်အမ်းအမ်းဖြစ်သွား၏။

မိခင်ဖြစ်သူကို နားမလည်နိုင်စွာ ကြည့်လိုက်လေသည်။

မေဝါးက....

'မေမေတို့ ဒီတစ်သက်မပြောနဲ့ ဆယ်သက် စားမကုန်အောင် ချမ်းသာကြွယ်ဝကြတယ်ဆိုတာ သားအသိပဲ၊ သား အနေနဲ့ စီးပွားတက်အောင် အပင်ပန်းခံပြီး ထပ်ရှာနေစရာ မလိုတော့ပါဘူး'

'ဟာ... ဒီလိုလဲ မဟုတ်သေးပါဘူး၊ ကျွန်တော်က ကိုယ့်ရဲ့ အစွမ်းအစနဲ့....'

သူ စကားဆုံးအောင် မပြောလိုက်ရပါချေ။

မေဝါးက လက်ကာပြကာ ကြားဖြတ် ပြောလိုက်လေသည်။

'ကိစ္စမရှိပါဘူး၊ သားဟာ စာပေပညာ တတ်တယ်၊ သဘောမနော ကောင်းတယ်၊ စီးပွားရေးလုပ်ငန်း ကျွမ်းကျင်တယ်၊ ကျိကျိတက် ချမ်းသာကြွယ်ဝတယ်ဆိုတာ လူတိုင်း သိကြတယ်၊ သားကို အရည်အချင်းမရှိတဲ့လူလို့ ဘယ်သူကမှ



မပြောနိုင်ကြပါဘူး၊ ကဲ... မေမေ ရှင်းရှင်းပဲ ပြောလိုက်မယ်၊ ဒီမုဆိုးမလေးနဲ့ ကင်းကင်းရှင်းရှင်းဖြစ်အောင် နေပါ'

'ကျွန်တော်....'

'သား... ဘာမှမပြောနဲ့တော့၊ မေမေ့စကားကို နားထောင်ရလိမ့်မယ်'

ယိလင်း ခေါင်းငိုက်စိုက်ကျသွားလေသည်။

မိခင်ဖြစ်သူ၏စကားကို တစ်သက်လုံး မြေဝယ်မကျ နားထောင်ခဲ့ပြီးမှ ယခုမှ နားမထောင်ဘဲ ကိုယ့်သဘောနှင့်ကိုယ် ပြုလုပ်မည်ဆိုပါလျှင်....

မေဝါးသည်လည်း သူမ၏စကားကို နားမထောင်လျှင် တစ်စုံတစ်ယောက် ဆုံးဖြတ်ချက်ကို ပြတ်ပြတ်သားသား ချမှတ်လိမ့်မည်ဖြစ်လေသည်။

မေဝါးသည် ယိလင်းကို စိုက်ကြည့်လိုက်ပြီး....

'သားရဲ့မင်္ဂလာကိစ္စကို မေမေ အမြန်ဆုံးစီစဉ်မယ်၊ ဒီကြားထဲမှာ သား အနေအထိုင် ဆင်ခြင်ပါ၊ မေမေတို့ မိသားစုရဲ့ဂုဏ်သိက္ခာကို ထိခိုက်လာမယ်ဆိုရင် ဘယ်သူ့မျက်နှာကိုမှ ထောက်ထားမှာမဟုတ်ဘဲ ပြတ်ပြတ်သားသား အရေးယူမယ်ဆိုတာကို သား ဘယ်တော့မှမမေ့လေနဲ့'

စကားဆုံးလျှင် ယိလင်း၏ရှေ့မှ ထွက်ခွာသွားလေတော့သည်။

ယိလင်းကား ကျောက်ရုပ်တစ်ရုပ်အလား မလှုပ်မယှက်ဖြစ်ကာ ကျန်ရစ်ခဲ့လေတော့သည်။

*　　*　　*

တစ်ရက်....

နှစ်ရက်....

သုံးရက်....

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားလေသည်။

ယိလင်းသည် ထိုရက်များအတွင်း စိတ်ရှုပ်ထွေးစွာ ရှိနေခဲ့လေသည်။

မိခင်ကြီးအား ကြောက်ရွံ့သည်ဖြစ်၍ မုဆိုးမလေး ချင်းယင်ထံသို့ မသွားနိုင်တော့ပါ။

ချင်းယင်လည်း ရောက်မလာပါ။ သို့သော် လေးရက်မြောက်သောနေ့တွင် သူမ၏ အိမ်နီးချင်းဖြစ်သော အဘွားအိုကူးကသာလျှင် ချင်းယင် ရက်လုပ်ထားသော အထည်များကို လာရောက်ရောင်းချလေသည်။



ယိလင်း ဝမ်းသာသွားသည်။

အဘွားအိုကူး ရောင်းချပြီး ပြန်ထွက်သွားသောအခါ ယိလင်း မယောင်မလည်ဖြင့် လိုက်သွားလေသည်။

လူရှင်းသော တစ်နေရာအရောက်တွင်...

'ခဏလောက် နေပါဦးဗျာ'

ယိလင်းက ဟန့်တားလိုက်လေသည်။

အဘွားအို ခြေလှမ်း တုံ့ခနဲရပ်သွားလေသည်။

ယိလင်းကို လှည့်ကြည့်လိုက်ပြီး အံ့ဩသောလေသံဖြင့်....

'ဟင်....သူဌေးလေးပါလား'

'ဟုတ်ပါတယ်ဗျာ၊ ဒေါ်ဒေါ်က မိန်းကလေးချင်းယင်ရဲ့အထည်တွေကို လာရောင်းတာလား'

'ဟုတ်ပါတယ်ကွယ်'

'ဈေးကောင်းရတယ် မဟုတ်လား၊ သူ့ရဲ့ပစ္စည်းတွေလာရောင်းရင် ဈေးပိုပေးဖို့ ဆိုင်ဘာဝန်ခံကို ကျွန်တော်မှာထားပါတယ်'

အဘွားအို ပြုံးလိုက်လေသည်။

'ဟုတ်ပါတယ်ကွယ်၊ ဈေးကောင်းရပါတယ်၊ ချင်းယင်ကလဲ သူဌေးလေးကို ကျေးဇူးတင်နေပါတယ်'

ယိလင်း ဝမ်းသာသွားလေသည်။

'ကိစ္စမရှိပါဘူးဗျာ၊ ဒါဟာ အသေးအဖွဲ့ကိစ္စလေးတစ်ခုပါပဲ၊ ဒါထက် သူတို့သားအမိနေကောင်းသွားပြီလား'

အဘွားအိုက....

'သူ့ရဲ့သားလေးကတော့ နေကောင်းသွားပါပြီ၊ ဒါပေမယ့် ချင်းယင်ကတော့ တရှောင်ရှောင်ပဲ၊ သူ့အတွက်တော့ ဆေးသောက်ဖို့စိတ်မကူးဘူးလေ၊ သူ့သားလေးကိုပဲ ဂရုစိုက်နေတော့ ခက်တာပေါ့'

ယိသင်း စိတ်ပူသွားလေသည်။

'ချင်းယင် နေမကောင်းဘူး ဟုတ်လား'

'ဟုတ်ပါတယ်ကွယ်'

'သမားတော် ခေါ်မပြဘူးလားဟင်'

'ဟင့်အင်း....သမားတော်ခေါ်ရင် ငွေကုန်မှာကို သူကစိုးရိမ်တယ်လေ၊ သူ့အတွက် ငွေကုန်နေရင် သူ့သားလေးအတွက် မလုံလောက်ဘဲဖြစ်မယ်လို့ ပြောတယ်၊ အခု လာရောင်းတဲ့အထည်တွေဟာ သူနေမကောင်းဖြစ်လျက်နဲ့ ရက်လုပ်ထားတဲ့အထည်တွေပေါ့ကွယ်'

ယိလင်း စိတ်မကောင်းဖြစ်သွားလေသည်။

'ဖြစ်မှဖြစ်ရလေဗျာ'



ဟု ညည်းတွားလိုက်လေသည်။

တစ်ဖန်....

'ဒေါ်ဒေါ် သမားတော်ပင့်သွားပါ၊ လိုအပ်တဲ့ဆေးဝါးနဲ့ ဓာတ်စာတွေလဲ ဝယ်သွားပါ၊ ကျွန်တော် ပိုက်ဆံပေးလိုက်ပါ့မယ်'

ပြောပြောဆိုဆို ငွေစက္ကူတစ်ထပ် ထုတ်ပေးလိုက်လေသည်။

အဘွားအို ကြောင်အမ်းအမ်းဖြစ်သွား၏။

'သူဌေးလေး ဒါက'

'ယူသာယူသွားပါ၊ ချင်းယင် နေကောင်းသွားဖို့က ပိုပြီးအရေးကြီးပါတယ်၊ ရော့....ဒီငွေကိုတော့ ဒေါ်ဒေါ်သုံးဖို့ယူပါ'

အဘွားအိုအတွက် ငွေစက္ကူတစ်ထပ် ပေးလိုက်ပြန်သည်။

အဘွားအိုသည် ဆင်းရဲနွမ်းပါးသူဖြစ်ရာ ငွေ၏ ဆွဲဆောင်မှုကို မခံနိုင်ပါတော့ချေ။

'ကျေးဇူးပါပဲ သူဌေးလေးရယ်'

ကျေးဇူးတင်ကြောင်း ပြောကာ ငွေကိုလက်ခံယူလိုက်၏။

ယိယင်းက....

'ကျွန်တော်လဲ တစ်ခေါက်လောက် လာကြည့်ပါဦးမယ်၊ ခုတော့ မအားသေးလို့ မလာဖြစ်တာကို ခွင့်လွှတ်ဖို့ ပြောပေးပါနော်'

'စိတ်ချပါ သူဌေးလေးရယ်'

'ကဲ....ဒေါ်ဒေါ် ကျွန်တော် သွားလိုက်ဦးမယ်'

'ကောင်းပါပြီကွယ်....ကောင်းပါပြီ'

ယိလင်းသည် ပတ်ဝန်းကျင်ကို ကျီးကန်းတောင်းမှောက် ကြည့်လိုက်ပြီး ခပ်သုတ်သုတ်ထွက်သွားလေသည်။

သူ့အား မိခင်ဖြစ်သူက လူယုံတော်များစေလွှတ်ကာ မျက်လုံးဒေါက်ထောက် ကြည့်ခိုင်းထားပြီဖြစ်ကြောင်း နားလည်ထားလေသည်။

ယိလင်း၏အဖြစ်မှာ သနားစရာပင် ကောင်းနေတော့သည်။

အဘွားအိုသည် အဝေးသို့ရောက်သွားပြီဖြစ်သော ယိလင်းကို ငေးကြည့်ရင်း....

'သူဌေးလေးဟာ ချင်းယင်အပေါ်မှာ ဘာကြောင့်များ ဒီလောက်အောင် ရူးစိုက်နေရတာပါလိမ့်'

ဟု နားမလည်နိုင်စွာ ရေရွတ်လိုက်လေတော့သည်။

*　　*　　*



ယခုရက်ပိုင်းအတွင်း ယိလင်း ဂနာမငြိမ်ဖြစ်နေ၏။

အထည်များ လာရောင်းချသည့်အဘွားအိုကို မျှော်နေမိလေသည်။

အဘွားအိုကား မျှော်ခါမှ ရောက်မလာပါချေ။

အဘွားအိုရောက်မလာလေလေယိလင်းစိတ်ပူလေလေပင်။

'သူတို့ ဘာတွေများဖြစ်နေကြပါလိမ့်'

ချင်းယင်၏အိမ်သို့သွားဖို့ အကြိမ်ကြိမ်စိတ်ကူးမိလေသည်။

သို့သော်....

သူက ချင်းယင်၏အိမ်သို့သွားသည်နှင့် မိခင်ကြီး ချက်ချင်းသိသွားမည်ဖြစ်လေသည်။

မိခင်ကြီးသိသွားသည်နှင့် မြို့လယ်အထည်ဆိုင်သို့ပင် လာရတော့မည်မဟုတ်ပေ။

အခြားသောကိစ္စများတွင် အလိုလိုက်မည် ဖြစ်သော်လည်း အိမ်ထောင်ရေးကိစ္စတွင် မည်သည့်နည်းနှင့်မျှ ခွင့်လွှတ်မည်မဟုတ်ကြောင်း ထင်ရှားလေသည်။

ယိလင်းမှာ အလုပ်လုပ်ရာတွင် အမှားမှားအယွင်းယွင်းဖြစ်လာသည်။

အအိပ်ပျက် အစားပျက်ဖြစ်လာလေသည်။

နောက်ဆုံး….

မည်သို့မျှ မအောင့်အည်းနိုင်တော့သဖြင့် တစ်ခုသောညအက်တွင် မိခင်မသိအောင် ချင်းယင်၏အိမ်သို့ တိတ်တဆိတ် ထွက်လာခဲ့လေတော့သည်။

* * *

လူရမ်းကား

---

ဗလကြီး။

ဗလကြီးသည် နာမည်နှင့်လိုက်အောင် သန်မာထွားကျိုင်းသူ ဖြစ်လေသည်။

ချင်းယင်နေထိုင်သော ဆင်းရဲသားရပ်ကွက်လေးတွင် ဗိုလ်ကျမင်းမူနေသူလည်း ဖြစ်ပေသည်။

ယနေ့….

ဗလကြီးသည် ခါတိုင်းလိုအရက်မှသောက်ဘဲ ချင်းယင်၏ အိမ်သို့ ရောက်လာလေသည်။

ချင်းယင်မှာ ပြုံးဖြီးဖြီးဖြင့်ဝင်ရောက်လာသည့် ဗလကြီးကို တွေ့ရလျှင် စိတ်ပျက်သွားလေသည်။

ဗလကြီးက....

'ညီမတို့သားအမိ ညစာစားပြီးကြပြီလား'

ဟု စကားမရှိစကားရှာပြော မေးလိုက်လေသည်။

ချင်းယင်က....

'ကျွန်မရဲ့သားလေး နေမကောင်းပါဘူးရှင်၊ ဒါကြောင့် စောစောအိပ်ရာဝင်ကြတော့မလို့ပါ'

ဗလကြီး စိတ်ပျက်သွားလေသည်။

'ဟင်... အိပ်ကြတော့မလို့လား'

'ဟုတ်ပါတယ်ရှင်'

ဗလကြီး မည်သို့မှ မတတ်နိုင်တော့ပါ။

'ဒါဆိုလဲ ကျုပ်ပြန်ဦးမယ်'

ဟု နှုတ်ဆက်ကာ လှည့်ထွက်သွားလေသည်။

ဗလကြီး အသာတကြည်ထွက်သွား၍ ချင်းယင် စိတ်သက်သာရာ ရရှိသွားလေသည်။

သို့သော်....



'အင်း....ဒီဒုက္ခမျိုးတွေကို ငါ ဘယ်လောက်ကြာကြာ ခံစားနေရဦးမှာလဲ'

ဟု ညည်းတွားလိုက်လေသည်။

ဗလကြီးကား ချင်းယင်၏ညည်းတွားသံကို ကြားမှည် မဟုတ်ချေ။

ချင်းယင်၏အိမ်မှထွက်လာခဲ့ပြီး လမ်းပေါ်ရောက်သည်နှင့် မကျေနပ်စိတ်များ ဖြစ်ပေါ်လာလေသည်။

'တောက်....မင်းကို ငါ ရအောင်ယူမယ်'

ဟုလည်း ကြုံးဝါးလိုက်လေသည်။

သူ၏နံဘေးမှဖြတ်သွားသော ခွေးလေခွေးလွင့်တစ်ကောင်ကို လှမ်းပြီး ကန်ကျောက်ပစ်လိုက်လေသည်။

'ဂိန်'

ခွေးမှာ အော်လျက်ထွက်ပြေးသွားတော့သည်။

ထိုစဉ်....

လမ်းကြားထဲသို့ လူတစ်ယောက် ဝင်ရောက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူမှာ ယိလင်းဖြစ်လေသည်။

ယိလင်းကိုမြင်လျှင် ဗလကြီး မျက်မှောင်ကုတ်သွားပြီး....

'ဒီကောင်ဟာ မြို့လယ်က အထည်ဆိုင်ရှင် သူဌေးလေးယိပဲ၊ သူက အချိန်မတော် ဒီနေရာမှာ ဘာလာလုပ်တာပါလိမ့်'

ယိလင်းကို စိတ်ဝင်စားသွားလေသည်။

ဗလကြီးသည် ယိလင်း၏ရှေ့တွင် လမ်းပိတ်ရပ်လိုက်လေသည်။

'ဟင်'

မမျှော်လင့်သော ဟန့်တားမှု ပေါ်ပေါက်လာခြင်းကြောင့် ယိလင်း ခြေလှမ်းတုံ့ခနဲ ရပ်သွားလေသည်။

ဟန့်တားလာသော ဗလကြီးကို ကြည့်လိုက်လေသည်။

ဗလကြီးက....

'မင်း ဘယ်သွားမလို့လဲ'

'ဗျာ'

'မင်းဟာ မြို့လယ်အထည်ဆိုင်ပိုင်ရှင် သူဌေးလေးမဟုတ်လား'

'ဟုတ်....ဟုတ်ပါတယ်ဗျာ'

'ဒီနေရာဟာ မင်းနဲ့အပ်စပ်တဲ့နေရာ မဟုတ်ဘူး၊ မင်း ဘာလာလုပ်တာလဲ'



'ကျုပ်....ကျုပ်....'

ယိလင်းသည် မည်သို့ပြောရမှန်းမသိ ဖြစ်နေသည်။

ဗလကြီးက....

'ဘာလဲ၊ ခင်ဗျားက မကောင်းတဲ့မိန်းမ လာရှာတာမဟုတ်လား'

'ဟာ....မဟုတ်ပါဘူးဗျာ'

'ဒါဖြင့် လောင်းကစားဝိုင်း လာရှာတာလား'

'မ....မဟုတ်ပါဘူးဗျာ၊ ကျုပ်က မကောင်းတဲ့အလုပ်တွေ မလုပ်ပါဘူး'

'ဘာကွ'

ဗလကြီးသည် ယိလင်းကို မျက်လုံးပြူး၍ကြည့်ပြီး....

'နေပါဦး၊ မင်းက မကောင်းတာ မလုပ်ဘူးဆိုတော့ ကျုပ်တို့က လုပ်နေတယ်ဆိုပါတော့ ဟုတ်လား'

'ဟာ.... ကျုပ်.... ကျုပ်က ဒီလိုသဘောမျိုးပြောတာ မဟုတ်ပါဘူးဗျာ'

'ဒါဖြင့် ဘာသဘောလဲ'

'ကျုပ်....ကျုပ်....'

ယိလင်း မည်သို့ပြောရမှန်းမသိ ဖြစ်နေသည်။

ဗလကြီးသည် နှိုင့်ထက်စီးနင်းပြုလုပ်ရာတွင် ဝါသနာပါသလို ကျွမ်းကျင်သူလည်း ဖြစ်လေသည်။

ယိုလင်းကြောက်နေမှန်းသိလျှင် ခါးထောက်လိုက်ပြီး....

'မင်း မှန်မှန်ပြောစမ်း၊ ဒီနေရာကို ဘာလာလုပ်တာလဲ၊ ပြောစမ်း'

ဟု ငေါက်လိုက်လေသည်။

ယိုလင်းက....

'ဟို....ဟို....ကျုပ်ရဲ့မိတ်ဆွေတစ်ယောက်ဆီကို လာတာပါဗျာ'

'မိတ်ဆွေ'

'ဟုတ်ပါတယ်'

'ဟား....ဟား....ဟား'

ဗလကြီးက ဟားတိုက်ရယ်မောလိုက်လေသည်။

မရယ်ချင်ဘဲ ဟန်ဆောင်ရယ်မောလိုက်ခြင်း ဖြစ်လေသည်။

အတန်ကြာလျှင်....

'ပြောစမ်း....မင်းရဲ့မိတ်ဆွေက ဘယ်သူလဲ'

'ကျုပ်... ကျုပ်'



'ဟေ့ကောင်.... မြန်မြန်ပြောစမ်း၊ မင်းရဲ့မိတ်ဆွေက ဘယ်သူလဲ၊ လိမ်ပြောမယ်တော့ မကြံနဲ့နော်'

'ကျုပ်....ကျုပ်'

'ဟေ့ကောင်....မှန်မှန်ပြောစမ်း'

ယိုလင်းက....

'ကျုပ်က မုဆိုးမလေး ချင်းယင်ရဲ့အိမ်ကို သွားမလို့ပါ'

'ဘာကွ'

'ဟို....ဟို'

'ဟေ့ကောင်....မင်းက ဘာသွားလုပ်မလို့လဲ ပြောစမ်း'

'သူတို့သားအမိ နေထိုင်မကောင်း ဖြစ်နေတယ်ဆိုလို့ သတင်းသွားမေးမလို့ပါ'

ဗလကြီး ဒေါပွသွားလေတော့သည်။

ချင်းယင်ကို သူက သဘောကျနေသည်ဖြစ်ရာ ယိုလင်းကို မကျေမနပ် ဖြစ်သွားလေသည်။

'လက်စသတ်တော့ ရိုးသားတဲ့ သူဆင်းရဲမလေး တစ်ယောက်ကို မင်းကဖျက်ဆီးချင်လို့ ကြံစည်နေတာပေါ့ ဟုတ်လား'

'ဟာ....မဟုတ်ရပါဘူးဗျာ'

'မင်းမလိမ်ပါနဲ့၊ မင်းလို ချမ်းသာကြွယ်ဝကဲ့ သူဌေးလေး တစ်ယောက်ဟာ ဆင်းရဲတဲ့မုဆိုးမလေး တစ်ယောက်ဆီကို လာစရာအကြောင်း ဘာမှမရှိဘူး၊ မင်းကခုလို ရမယ်ရှာပြီးလာတာ အကြံရှိနေလို့ဆိုတာ ငါသိတယ်၊ ဟေ့ကောင်....မင်းဘာသာ သူဌေးသော ဘာသော ငါဂရုမစိုက်ဘူး၊ ချင်းယင်ဟာ ငါနဲ့မကြာခင်လက်ထပ်တော့မှာ၊ မင်းမရှုပ်နဲ့၊ ငါက သည်းခံမှာမဟုတ်ဘူး၊ ဟောဒီလက်ကိုကြည့်ထား''

ပြောပြောဆိုဆို လက်သီးဆုပ်ကြီးကို ယိုလင်း၏ မျက်နှာရှေ့တွင် ဝဲပြလိုက်လေသည်။

ယိလင်း ထိတ်လန့်ကာ နောက်ဆုတ်လိုက်လေသည်။

ဗလကြီးက....

'ဟေ့ကောင်....မင်းထွက်သွားတော့'

ဟု ငေါက်လိုက်၏။

ယိလင်းသည် လူမိုက်လူရမ်းကားများကိုဝေးဝေးမှရှောင်သူ ဖြစ်ပါသည်။

စည်းကမ်းမဲ့သော၊ လူမှုရေးခေါင်းပါးသော၊ အခြေအနေမဲ့သော စသည့်လူစားမျိုးများအား တစ်သက်လုံးပတ်သက်ခြင်းမရှိဘဲ နေခဲ့သူလည်း ဖြစ်၏။



သူ မွေးဖွားကြီးပြင်းခဲ့ရသော ကျင်လည် ကျက်စားခဲ့ရသော လူ့အသိုင်းအဝိုင်းနှင့် ဗလကြီးတို့၏ အသိုင်းအဝိုင်းမှာ မတူညီပါချေ။

ခါတိုင်းဆိုလျှင် ယိလင်းသည် ဝေးဝေးမှ ရှောင်ထွက်သွားမည် ဖြစ်လေသည်။

ယခုမူ...

ချင်းယင်နှင့် ပတ်သက်နေသဖြင့် ဗလကြီးအား စေ့စေ့ကြည့်ကာ....

'ချင်းယင်ဟာ ခင်ဗျားနဲ့ပတ်သက်နေတယ် ဟုတ်လား'

'ဟုတ်တယ်၊ တို့မကြာခင် လက်ထပ်ကြတော့မလို့'

ယိလင်း ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်မယုံဘူး'

'ဘာကွ'

'ချင်းယင်က ခင်ဗျားလိုလူစားမျိုးကို အိမ်ထောင်ဘက်အဖြစ် လက်ခံမှာ မဟုတ်ဘူး'

'မင်း....'

ဗလကြီးသည် မျက်လုံးကြီးပြူးကာ စိုက်ကြည့်လိုက်ပြီး....

'မင်းကများ ငါ့ကို ဒီလိုပြောဝံ့သလား'

ဟု ဝေါက်ကာ လက်သီးဖြင့် ထိုးချလိုက်လေသည်။

ယီလင်းက ကပျာကယာ ရှောင်တိမ်းဖို့ ကြိုးစားလိုက်သော်လည်း နောက်ကျသွားပြီ ဖြစ်လေသည်။

'ခွပ်'

'အား'

ဗလကြီး၏လက်သီးသည် ယီလင်း၏ မေးရိုးကို တည့်တည့်မတ်မတ် တိုးဝင်သွားလေသည်။

ယီလင်းမှာ မြေပေါ် ဗင်ထိုင်ကျသွားလေတော့သည်။

ဗလကြီးက....

'မင်း... ဒီလမ်းထဲက ထွက်သွား၊ နောက်နောင် ဘယ်တော့မှ ဝင်မလာနဲ့၊ ဝင်လာတာတွေ့ရင် သေရမယ်ဆိုတာ မှတ်ထား'

ဟု ဝေါက်လိုက်လေသည်။

ယီလင်း မြေပေါ်မှ လူးလိမ့်ထလိုက်သည်။

ဗလကြီးအား မကျေမနပ်ကြည့်ကာ....

'ခင်ဗျားက ကျုပ်ကို ကိုယ်ထိလက်ရောက် စော်ကားတဲ့အတွက် တစ်နေ့ဒုက္ခရောက်ရမယ်ဆိုတာ မှတ်ထားပါ'

ဟု ကြုံးဝါးလိုက်လေသည်။



'ဟား....ဟား....ဟား'

ဗလကြီးက ဟားတိုက်ရယ်မောလိုက်လေသည်။

သူ၏ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ဗလကြီးသည် ယီလင်းအား စေ့စေ့ကြည့်လိုက်ပြီး....

'ကောင်းပြီ၊ အဲဒီနေ့မရောက်ခင် မင်းသေသွားလိမ့်မယ်၊ ဒီလမ်းထဲက မြန်မြန်ထွက်သွားပေတော့'

ဟု ဝေါက်လိုက်သည်။

ယီလင်းလည်း ဘာမှမပြောတဲ့ ချာခနဲလှည့်ကာ ထွက်လာခဲ့လေသည်။

* * *

ဆယ်ရက်....

ယီသင်းသည် ဆယ်ရက်လုံးလုံး အထည်ဆိုင်သို့ မသွားဘဲ အိမ်မှာပင် နေခဲ့သည်။

သူ၏ မေးရိုးမှ ဒဏ်ရာကို မတော်တဆ ချော်လဲရာမှ ဖြစ်သည်ဟု ပြောခဲ့သည်။

ကံကောင်းသည်မှာ မိခင်ကြီးက သူ၏စကားကို ယုံကြည်သွားခြင်း ဖြစ်လေသည်။

သမားတော်ကြီးများကို ခေါ်ယူကာ ဆေးကု ပေးခဲ့သည်။

သို့ဖြင့်....

ယိလင်း သက်သာသွားလေသည်။

မိခင်ကြီးမေဝါးသည် ယိလင်းအတွက် စိတ်ချရပြီဆိုသည်နှင့် အရေးကြီးသည့် ကိစ္စတစ်ခု ရှိသည်ဟုဆိုကာ ခရီးထွက်သွားလေသည်။

ယိလင်းသည်လည်း အိမ်မှာ ဆက်နေခဲ့ပြီးနောက် သုံးလေးရက်အကြာတွင် အိမ်၌ နေရသည်ကို ပျင်းရိလာကာ အထည်ဆိုင်သို့ ထွက်လာခဲ့လေသည်။

ဤတွင်....

* * *



ယိလင်းသည် အထည်ဆိုင်နှင့် မလှမ်းမကမ်းတွင် ရောက်ရှိနေပြီ ဖြစ်လေသည်။

သူက အထည်ဆိုင်သို့သွားလျှင် ကောင်းနိုး၊ မသွားဘဲနေလျှင်ကောင်းနိုး ဝေခွဲမရ ဖြစ်နေသည်။

ထိုစဉ်....

'အစ်ကို'

မမျှော်လင့်ဘဲ နောက်ကျောဘက်မှ ခေါ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသဖြင့် ယိလင်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

ကပျာကယာ နောက်လှည့် ကြည့်လိုက်သည်။

ထိုအခါ....

မိန်းမချောလေးချင်းယင်သည် သူ၏ အနောက်ဘက်၌ ရောက်ရှိနေသည်ကို တွေ့လိုက်ရလေသည်။

ယိလင်း ပါးစပ်အဟောင်းသားဖြစ်သွားရသည်။

မယုံနိုင်စွာဖြင့် ချင်းယင်ကို ကြည့်လိုက်ပြီး....

'ဟင်....မင်း....မင်း'

ချင်းယင်၏လက်ထဲ၌ အထုပ်အပိုးများ ကိုင်ဆောင်ထားလေသည်။

သူမသည် ယိုလင်းကို ဦးညွှတ်လိုက်ပြီး....

'အစ်ကိုကြီးကို ကျေးဇူးတင်ပါတယ် ရှင်'

ဟု ပြောလိုက်လေသည်။

ယိုလင်းက....

'ကျုပ်က ...'

'အစ်ကိုကြီးဟာ ကျွန်မတို့မိသားစုကို ဘယ်လိုကူညီခဲ့တယ်ဆိုတာ ကျွန်မ သိပါပြီ၊ အစ်ကိုကြီးလွှတ်ပေးလိုက်တဲ့ သမားတော်ကြီးကြောင့် ကျွန်မတို့ သားအမိ အမြန်ဆုံး ရောဂါသက်သာပျောက်ကင်းပြီး နေ့တိုင်ကောင်းသွားတာ ဖြစ်ပါတယ်'

'ဪ'

ယိုလင်း ဝမ်းသာသွားလေသည်။

'ညီမရယ်၊ ကျုပ်က စေတနာနဲ့ကူညီခဲ့တာပါ၊ ကျေးဇူးတင်စရာ မလိုပါဘူး'

'အို....ဒီလို ဘယ်ဟုတ်မလဲ၊ ကျွန်မတို့ မိသားစုအတွက် အစ်ကိုကြီး ငွေအများအပြား အကုန်ခံခဲ့ရတယ် ဆိုတာကို ကျွန်မသိပါတယ်၊ အစ်ကိုကြီးရဲ့ ကျေးဇူးတွေကို ဘယ်လိုပြန်ဆပ်ရမှန်းတောင် မသိတော့ပါဘူးရှင်'



ယိုလင်းသည် ချင်းယင်အား ရွှန်းရွှန်းစားစား ကြည့်လိုက်လေသည်။

ချင်းယင်က သူ့အပေါ် ကျေးဇူးတင်နေသဖြင့် အကျေနပ်ကြီး ကျေနပ်နေမိလေသည်။

'ညီမရဲ့ သားလေးကော နေကောင်းသွားပြီလား'

'ဟုတ်တယ် အစ်ကိုကြီး'

'တော်ပါသေးရဲ့ကွယ်၊ သမားတော်ကြီးတွေကို ငှါးစိုက်ပြီး ကုသပေးဖို့ သေသေချာချာ မှာလိုက်ရတာ၊ ဒါထက် အခု ညီမ မြို့ထဲကိုထွက်လာခဲ့တာက'

'ဪ....ကျွန်မ ရက်လုပ်ထားတဲ့အထည်တွေကို လာရောင်းတာပါရှင်'

'ဟင်'

ယိုလင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

'အထည်တွေ လာရောင်းတာ'

'ဟုတ်ပါတယ်ရှင်'

'ညီမရယ်... ဘာကြောင့်များ အထည်ရက်လုပ်ရတာလဲ၊ နေကောင်းကာစပဲရှိသေးတယ် မဟုတ်လား'

ယိုလင်းက စိုးရိမ်ပူပန်စွာ ပြောလိုက်လေသည်။

ချင်းယင် ပြုံးလိုက်သည်။

'ကိစ္စမရှိပါဘူးရှင်၊ ကျွန်မတို့သားအမိရဲ့ စားဝတ်နေရေးအတွက် ကျွန်မက ရက်ကန်းရက်ရမှာပဲ မဟုတ်လား'

ယိလင်းက....

'ညီမရယ်....ပင်ပန်းလှပါတယ်၊ ဒီအလုပ်ကို မလုပ်ပါနဲ့တော့လားကွယ်'

'ရှင်'

ယိလင်း၏စကားကြောင့် ချင်းယင် အံ့ဩသလိုဖြစ်သွားသည်။

ယိလင်းကို ငေးကြည့်လိုက်လေသည်။

ယိလင်းက....

'ညီမရယ်...ကျုပ်က ညီမကို ကူညီပါရစေ၊ ကျုပ်ရဲ့အကူအညီကို လက်ခံပါနော်'

'ရှင်'

'ညီမရဲ့ရက်ကန်းလက်ရာကို ဘယ်သူမှ မမီနိုင်ဘူးဆိုတာအားလုံးသိကြပါတယ်၊ ကျုပ်လဲသိပါတယ်၊ ညီမဟာအတော်ဆုံးဆိုတာကို လက်ခံပါတယ်၊ ဒါပေမယ့် ဒီအလုပ်ဟာ ပင်ပန်းလှပါတယ်၊ ညီမကို ဆက်မလုပ်စေချင်တော့ပါဘူး'



ချင်းယင်က....

'အစ်ကိုကြီး၊ ကျွန်မတို့သားအမိဟာ ရက်ကန်းရက်ပြီးအသက်မွေးဝမ်းကျောင်းနေရတာပါ၊ ရက်ကန်းမရက်တော့ဘူးဆိုရင် ကျွန်မတို့ရဲ့ ဘဝရပ်တည်ချက်ခက်ခဲ....'

သူမ၏စကားမဆုံးမီ ယိလင်းက ကြားဖြတ်ပြောလိုက်လေသည်။

'ညီမ၊ ညီမတို့သားအမိအတွက် ကျုပ် တာဝန်ယူပါရစေကွယ်'

'ရှင်'

ချင်းယင်၏မျက်နှာ နီမြန်းသွားလေသည်။

ချက်ချင်းပင် ခေါင်းငုံ့ထားလိုက်လေသည်။

ယိလင်းသည် အဘယ်ကြောင့် သူမရက်လုပ်သော အထည်များကို ဈေးကောင်းပေးကာ ဝယ်နေရသည်ကိုလည်းကောင်း၊ ငွေကုန်ကြေးကျခံကာ သမားတော်စေလွှတ်ပေးခြင်း၊လိုအပ်သောရိက္ခာဆေးဝါး ဝယ်ပေးခြင်းများ ပြုလုပ်နေရသည်ကိုလည်းကောင်း သူမ သဘောပေါက်လိုက်လေသည်။

ယိလင်းသည် မိန်းမနှင့်ပတ်သက်လာလျှင် အတွေ့အကြုံလုံးဝမရှိသူဖြစ်၏။

သို့သော်....

ချင်းယင်နှင့်တွေ့သောအခါ စကားများ အလိုလိုတတ်လာသည်၊ အလိုလိုရဲတင်းလာလေသည်။

'ညီမ၊ ကျုပ်ကရက်ကန်းအလုပ်ရုံကြီးတစ်ခုထောင်ပေးပါမယ်၊ ညီမကိုယ်တိုင် ရက်လုပ်စရာမလိုပါဘူး၊ စီမံအုပ်ချုပ်ရုံပါပဲ၊ ဒါဆို ညီမလဲ မပင်ပန်းတော့ဘူး၊ ညီမတို့သားအမိ ဘဝနေရေးအတွက် ဘာမှ ပူစရာမလိုတော့ဘူးပေါ့'

ချင်းယင် သက်ပြင်းချလိုက်လေသည်။

'ကျွန်မအပေါ် စေတနာထားတာ ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မကို ခွင့်ပြုပါဦး'

'ညီမ'

ချင်းယင်သည် ယိလင်းအား အမှုမထားသော့ဘဲ ချာခနဲလှည့်ကာ ထွက်လာခဲ့လေသည်။

ယိလင်းက ပြေးလိုက်သွားရန် ဟန်ပြင်လိုက်၏။

သို့သော်....

ချက်ချင်းပင် ခြေလှမ်းရပ်လိုက်လေသည်။

မုဆိုးမလေးတစ်ယောက်နောက်သို့ လူမြင်ကွင်းတွင် ပြေးလိုက်မသွားသင့်ကြောင်း နားလည်ထားသည် မဟုတ်ပါလား။



ချင်းယင်က ခပ်သွက်သွက်ထွက်သွားရာ တစ်ခဏအတွင်းမှာပင် မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

* * *

သုံးရက်။

သုံးရက်ကြာသည့်တိုင် ချင်းယင်သည် ရက်လုပ်ထားသော အထည်များ လာရောက်ရောင်းချခြင်း မရှိပါချေ။

ယိလင်းသည် အထည်ဆိုင် သွားစောင့်နေလိုက်၏။

သို့သော်....

ချင်းယင် ရောက်မလာသည့်အပြင် သူမ၏အိမ်နီးချင်း အဘွားအိုသည်လည်း ရောက်မလာပါချေ။

ယိလင်းက ဂနာမငြိမ် ဖြစ်လာလေတော့သည်။

မနေနိုင်တော့သည့်နောက်ဆုံး ချင်းယင်၏အိမ်သို့ လိုက်သွားရန် ဆုံးဖြတ်လိုက်လေတော့သည်။

* * *

နေ့လည်နေ့ခင်းအချိန် ဖြစ်သည်။

ချင်းယင်တို့နေထိုင်သော ရပ်ကွက်လေးဟာင် တိတ်တိတ်ဆိတ်ဆိတ်ရှိနေ၏။

ဆင်းရဲနွမ်းပါးသူများ ဖြစ်ကြသည့်အလျောက် နံနက်မိုးလင်းသည်နှင့် အလုပ်သွားတတ်ကြပြီး နေဝင်မိုးချုပ်မှ အိမ်သို့ ပြန်လာကြသည် မဟုတ်ပါလား။

ယိလင်းသည် ချင်းယင်နေထိုင်ရာလမ်းကြားလေးအတွင်းသို့ ဝင်ရောက်လိုက်တော့မှ အန္တရာယ်ရှိသည်ဟူသော အသိဝင်ရောက်လာလေသည်။

ဗလကြီးသည် နောက်တစ်ကြိမ်မလာရဟု ခြိမ်းခြောက်ခဲ့သည် မဟုတ်ပါလား။

ယိလင်းသည် စိုးရွံ့စွာဖြင့် ဟိုဟိုသည်သည် ကြည့်လိုက်မိလေသည်။

အမှန်တော့....

ဗလကြီးက သူ့အားရန်မူကာ ထိုးကြိတ်ခဲ့သည်ကို မြို့ဘော်ဝန်နှင့် တိုင်တန်းရန် ကြံရွယ်ခဲ့သည်။

သို့သော်....

ထိုသို့တိုင်တန်းလိုက်ပါက အခြေအနေ ပို၍ရှုပ်ထွေးသွားမည် ဖြစ်သလို သူ့အကြောင်းကို မိခင်ကြီးသိသွားမည် ဖြစ်ရာ မည်သူ့ကိုမှ တိုင်တန်းခြင်းမပြုဘဲ နေခဲ့ခြင်းဖြစ်လေသည်။



ယခု....

ဗလကြီးသာ သူ့အား တွေ့သွားလျှင်ဟူသော အတွေးဝင်ရောက်လာလေရာ ထိတ်လန့်လာခြင်း ဖြစ်ပေတော့သည်။

သူ၏ခြေလှမ်းများကား နောက်ကြောင်း ပြန်မလှည့်ဘဲ ရှေ့ဆက်လှမ်းသွားလိုက်လေသည်။

သို့ဖြင့်....

ချင်းယင်နေထိုင်သည့် အိမ်ကလေးနှင့် တစ်စထက်တစ်စ နီးကပ်သွားလေတော့သည်။

ချင်းယင်၏အိမ်ကလေးကို တွေ့လိုက်ရသောအခါ ယိလင်း ကြောက်ရွံ့စိတ်များ ပျောက်ကွယ်သွားလေသည်။

ချင်းယင်ကိုတွေ့ရဖို့ မည်သို့သော အခက်အခဲ အတားအဆီးကိုမဆို ရင်ဆိုင်ကျော်ဖြတ်သွားမည်ဟူသော စိတ်များ ဖြစ်ပေါ်လာလေသည်။

ယိလင်းက ချင်းယင်တို့အိမ်ဝိုင်းလေးထဲသို့ လှမ်းဝင်လိုက်လေသည်။

ထိုစဉ်....

'ကျေးဇူးပြုပြီး သွားပါတော့ရှင်'

အိမ်ထဲမှ ချင်းယင်၏အသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ချင်းယင်ရှိနေသည်ကို သိလိုက်ရသဖြင့် ယိုလင်းဝမ်းသာသွားလေသည်။

သို့တိုင်....

ချင်းယင်က မည်သူ့အား မောင်းထုတ်နေသည်ကို စဉ်းစားမရအောင် ဖြစ်သွားသည်။

ယိုလင်းက စောင့်ကြည့်နေစဉ်မှာပင်....

'ငါသွားမယ် မောင်းထုတ်စရာမလိုဘူး၊၊ နင်တို့သားအမိ ကျင်ကျပ်သတိထားနေကြ'

ဟု ပြောဆိုကြိမ်းမောင်းသံကို ကြားရလေသည်။

ထို့နောက်....

လူတစ်ယောက်သည် ချင်းယင်၏အိမ်ထဲမှ ထွက်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူကိုမြင်လျှင် ယိုလင်း ပါးစပ်အဟောင်းသား ဖြစ်သွားရလေသည်။

အကြောင်းကား....

ချင်းယင်၏အိမ်ထဲမှ ထွက်လာသူမှာ သူ ကြောက်ရွံ့နေသော ဗလကြီးဖြစ်နေသည် မဟုတ်ပါလား။



ဗလကြီးသည် ယိုလင်းကိုမြင်လျှင် ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

'ဟင်....မင်း... မင်း'

ယိုလင်း ကပျာကယာ နောက်ဆုတ်လိုက်လေသည်။

ဗလကြီးက....

'ခွေးကောင်....မင်းကို မလာနဲ့လို့ပြောထားတာကို မင်းက ငါ့စကား နားမထောင်ဘဲလာတာပေါ့ ဟုတ်လား'

ဟု ဟောက်လိုက်လေသည်။

ယိုလင်းက....

'ကျုပ်....ကျုပ်'

'ခွေးကောင်....မင်း ထွက်သွားစမ်း'

ဗလကြီးက အော်ဟောက်ရင်း ရှေ့တိုးလာလေသည်။

ထိုစဉ်....

ချင်းယင်သည် အပြင်ဘက်မှဆူဆူညံညံအသံများကြောင့် ထွက်လာသည်ကို တွေ့လိုက်ရလေသည်။

ချင်းယင်သည် ယိုလင်းကို တွေ့မြင်လိုက်ရသောအခါ အံ့ဩသွားလေသည်။

'ဟင်....အစ်ကိုကြီး'

သူမ လွှတ်ခနဲ ရေရွတ်လိုက်လေသည်။

ယိလင်းသည် ချင်းယင်ကိုတွေ့ရလျှင် ရပ်ထဲ၌ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာလေသည်။

'ငါကိုယ်တိုင်တောင်မှ သူတစ်ပါးကိုကြောက်ရွံ့နေရတယ်ဆိုရင် ချင်းယင်ဟာ ငါ့ကို ဘယ်လိုလုပ်ပြီး အားကိုးဝံ့တော့မှာလဲ'

ထိုသို့ တွေးတောမိလျှင် ခွန်အားများ ဖြစ်ပေါ်လာကာ ဗလကြီးနှင့် ရင်ဆိုင်လိုက်လေသည်။

ဗလကြီးအား စေ့စေ့ကြည့်ကာ....

'မင်းက ကျုပ်ကိုစော်ကားတာ များနေပြီ၊ ဒီတစ်ခါတော့ ကျုပ်ကသည်းခံမှာမဟုတ်တော့ဘူး'

ဟု ပြောလိုက်လေသည်။

ဗလကြီးက....

'ဘာပြောတယ်ကွ၊ မင်းက သည်းမခံတော့ ဘာလုပ်ချင်သလဲ၊ သေဖို့သာပြင်ထား'

စကားဆုံးလျှင် ယိလင်း၏မျက်နှာဆီသို့ လက်သီးတစ်လုံး ပစ်သွင်းလိုက်လေသည်။

ယိလင်း ထိတ်လန့်သွားပြီး ကပျာကယာ ရှောင်တိမ်းလိုက်သည့်တိုင်....



'ခွပ်'

မျက်နှာကို လက်သီးဖြင့် အထိုးခံလိုက်ရသဖြင့် မြေပေါ် ဖင်ထိုင်လဲကျသွားလေတော့သည်။

'ဟား....ဟား....ဟား'

ဗလကြီးက ဟားတိုက်ရယ်မောလိုက်လေသည်။

'ကဲ....မင်း ဘာတတ်နိုင်သေးသလဲ'

ဟု ဂေါက်လိုက်လေသည်။

ယိလင်း ချက်ချင်းပင် လူးလိမ့်ထလိုက်သည်။

'ကျုပ်ကိုအကြောင်းမဲ့ ကိုယ်ထိလက်ရောက်စော်ကားတာ ဒါပါနဲ့ဆို နှစ်ခါရှိပြီ၊ မင်းကို ခွင့်မလွှတ်နိုင်တော့ဘူး'

ဗလကြီးက မြေပေါ် တံတွေးထွေးချလိုက်ပြီး....

'ကျုပ်ကဲ ကြောက်နေရမှာလား၊ သွားစမ်း'

ထပ်မံထိုးကြိတ်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်....

'ရှင် မတရားမလုပ်နဲ့'

ချင်းယင်က အော်ဂေါက်ကာ အနီးသို့ ရောက်ရှိလာလေသည်။

သူမသည် ယိလင်းနှင့် ဗလကြီးတို့နှစ်ယောက်ကြား၌ဝင်ရပ်လိုက်၏။

ဗလကြီးသည် ချင်းယင်ကိုတွေ့လျှင်....

'မင်း ဘေးဖယ်လိုက်စမ်း'

ဟု ငေါက်လိုက်လေသည်။

ချင်းယင်က....

'သူဟာ ကျွန်မအိမ်ကိုအလည်လာတဲ့ ကျွန်မရဲ့ အလုပ်ရှင်ပဲ၊ ရှင် ဘာမှ စော်ကားစရာ မလိုဘူး'

ဟု ခပ်ပြတ်ပြတ်ပြောလေသည်။

'ဘာကွ'

'ရှင် ခုချက်ချင်း ကျွန်မ့ အိမ်ရှေ့က ထွက်သွားပါ'

'မင်း... မင်း'

'ခုချက်ချင်း ထွက်သွားပါ'

ဗလကြီး ဒေါပွသွားလေသည်။

သို့သော် ချင်းယင်က သူ့အပေါ် စိတ်ဆိုးဒေါသထွက်နေပြီဖြစ်ကြောင်း သဘောပေါက်လိုက်သည်။

သူ၏ဒေါသသည် ယိလင်းဘက်သို့ မြားဦးလှည့်သွားပြန်လေသည်။



'မင်း ကျပ်ကျပ်သတိထား'

ဟု ခြိမ်းခြောက်လိုက်ပြီး ခြေဆောင့်နင်းကာ ထွက်သွားလေတော့၏။

* * *

ဗလကြီးထွက်သွားပြီဖြစ်လေသည်။

ယိလင်း ယခုမှ သက်ပြင်းချနိုင်လေသည်။

ချင်းယင်ကို မဝံ့မရဲကြည့်လိုက်လေသည်။

ချင်းယင်က....

'အို....အစ်ကိုကြီး နှုတ်ခမ်းမှာ သွေးတွေပါလား၊ တော်တော်ကို ရိုင်းစိုင်းတဲ့လူပဲ၊ လာ....အစ်ကိုကြီး၊ ကျွန်မ ဆေးထည့်ပေးပါ့မယ်'

ပြောပြောဆိုဆို ယိလင်း၏လက်ကိုဆွဲကာ အိမ်ထဲသို့ခေါ်ဆောင်သွားလေသည်။

ယိုလင်းမှာ ရှက်လည်းရှက် ဒေါသလည်း ထွက်နေပါသည်။

သို့သော်....

ချင်းယင်၏ဖိတ်ခေါ်မှုကို မငြင်းနိုင်ပါ။ လိုက်ပါသွားမိလေသည်။

အိမ်ထဲသို့ရောက်သွားလျှင် အခန်းထောင့်ရှိ ခုတင်တစ်လုံးပေါ်၌ အိပ်ပျော်နေသော ကလေးငယ်တစ်ယောက်အားတွေ့မြင်လိုက်ရ၏။

ချင်းယင်၏သားလေးပင်ဖြစ်လေသည်။

ချင်းယင်က....

'သားကို နေ့လယ်နေ့ခင်း တစ်ရေးလောက် အိပ်တတ်အောင် အကျင့်လုပ်ပေးထားတယ်လေ၊ နို့မဟုတ်ရင် နေပူထဲ ထွက်ဆော့ချင်နေမှာ'

ယိုလင်း၏အကြည့်က သဘောပေါက်လိုက်သည့် အလားရှင်းပြလိုက်လေသည်။

ယိုလင်းက....

'ကောင်းတာပေါ့၊ အခုမှ နေကောင်းလာခါစ ရှိသေးတာပဲမဟုတ်လား'

ချင်းယင်က....



'အစ်ကို ခဏလေးနော်'

'ကောင်းပြီ ညီမ'

ချင်းယင်သည် မီးဖိုချောင်သို့ဝင်သွားကာ ရေနွေးနှင့် သန့်ရှင်းစင်ကြယ်သော အဝတ်စကို ယူလာလေသည်။

ယိုလင်း၏ ပေါက်ပြဲသွားသောနှုတ်ခမ်းမှ သွေးစသွေးနများကို ဆေးကြောပေးပြီး ဆေးထည့်ပေးလေသည်။

ယိုလင်း၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာလေသည်။

ချင်းယင်း၏ပြုစုမှုတွင် သာယာနေမိသည်။

သူ့ဘဝတစ်လျှောက်လုံး ချင်းယင်၏ ပြုစုယုယမှုကို ခံယူသွားလိုပေတော့သည်။

နှုတ်ခမ်းတွင် ဆေးထည့်ပြီးသွားလျှင် ချင်းယင်က....

'ဒီလူဟာ အတော်ဆိုးတဲ့ လူတစ်ယောက်ပါပဲရှင်၊ ကျွန်မဆီကို မကြာခဏလာပြီး နှောင့်ယှက်နေတာပဲ၊ ကျွန်မတော့ ဒီမြို့က ပြောင်းရွှေ့သွားဖို့တောင် စိတ်ကူးမိပါရဲ့'

ဟု ညည်းတွားလိုက်လေသည်။

ယိုလင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

4 'ဟာ.. ညီမပြောင်းသွားလို့ ဘယ်ဖြစ်ပါ့မလဲ'

ချင်းယင်က သူ့အား ကြည့်လိုက်လေသည်။

ယိလင်းက....

'ညီမ ဘာမှမပူနဲ့၊ မြို့တော်ဝန်ကိုပြောပြီး သူ့ကို ဆုံးမမယ်၊ ဒီလောက်ရမ်းကားနေတာ လက်ပိုက်ကြည့်နေလို့ မဖြစ်တော့ဘူး'

ချင်းယင်က....

'အမှန်တော့ ခုလိုဖြစ်ရတာ ကျွန်မကြောင့်ပါ၊ သူဟာ ကျွန်မနဲ့စကားပြောမိတဲ့ ဘယ်သူ့စိမ်းယောကျ်ားကိုမဆို ရန်လိုတတ်ပါတယ်ရှင်'

ယိလင်း မျက်မှောင်ကုတ်သွားကာ....

'သူက ညီမနဲ့ ဘယ်လိုပတ်သက်နေလို့လဲ'

ဟု မေးလိုက်၏။

ချင်းယင် ခေါင်းခါယမ်းလိုက်သည်။

'ဘယ်လိုမှ မပတ်သက်ပါဘူးရှင်၊ ကျွန်မ ဒီမြို့ကိုရောက်လာတော့ သူ့ရဲ့အဒေါ်နဲ့ ခင်မင်မိရာက ပတ်သက်လာတာပါ၊ ရှင်းရှင်းပြောရရင်တော့ လူရမ်းကားတွေကို ကျွန်မ မုန်းတီးပါတယ်'

ယိလင်းက....



'သူက ညီမကိုနှောင့်ယှက်နေတာ ကျုပ်လက်ပိုက်ကြည့်မနေနိုင်ဘူး'

'အစ်ကိုရယ်....ရန်မီးမပွားပါနဲ့လားရှင်၊ အစ်ကို့ရဲ့ အဆင့်အတန်းနဲ့ သူလိုလူစားမျိုးကို ဖက်ပြိုင်ရန်မဖြစ်သင့်ပါဘူး'

ယိလင်းက....

'သူ့ကိုမဆုံးမရင် သူက ဒီလိုသောင်းကျန်းနေဦးမှာပဲ'

'သူ့လိုက်နဲ့သူ့ကံ ရှိပါစေတော့ အစ်ကိုရယ်၊ ကိုယ့်ကြောင့်တော့ ဘာမှ မဖြစ်ပါစေနဲ့နော်'

ချင်းယင်က တောင်းပန်လိုက်လေသည်။

ချင်းယင်အနေနှင့် ဗိုလ်ကြီး၏အဒေါ်ဖြစ်သူ၏ ကျေးဇူးမကင်းခဲ့သည်ကို ထောက်ထားညှာတာသည့်သဘော ဖြစ်လိမ့်မည်ဟု ယိလင်း ဆင်ခြင်မိလေသည်။

ထို့ကြောင့်....

'ကျုပ်က အရေးမကြီးပါဘူး၊ ညီမကိုနှောင့်ယှက်တာကို ...က်မခံနိုင်လို့ပါ၊ သည်းခံနေမယ်ဆိုရင် သူက ပိုပြီးရောင့်တက်လာလိမ့်မယ်'

ဟု ပြောလိုက်သည်။

ချင်းယင်က....

'သူ့ရဲ့အဒေါ်ကို ကျွန်မကြည့်ပြီး ပြောပြထားလိုက်ပါမယ်၊ နောက်နောင် ဒီလိုမဖြစ်ရလေအောင် သူ့ရဲ့အဒေါ်ကို ပြောပြထားလိုက်ပါ့မယ်'

ယိုလင်းသည် သဘောဖြူလှသည့် ချင်းယင်ကို ငေးမောကြည့်နေမိလေတော့သည်။

ချင်းယင်သည် ယိုလင်း၏အကြည့်ကြောင့် မျက်နှာလေးနီရဲသွားလေတော့သည်။

ယိုလင်းက....

'ညီမ'

'ရှင်'

'ကျုပ်က ညီမကို အရေးကြီးတဲ့စကား ပြောချင်လို့ပါ'

'ဘာများလဲရှင်'

ယိုလင်းသည် တည်ကြည်သော မျက်နှာထားဖြင့်....

'ကျုပ်က ညီမကို လက်ထပ်ပါရစေ'

'ရှင်'

မမျှော်လင့်သောစကား ကြားလိုက်ရသဖြင့် ချင်းယင် ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

ယိုလင်းက....



'ညီမ၊ ကျုပ်က သွယ်ဝိုက်ပြီးမပြောတတ်ဘူး၊ ညီမကို ကျုပ် လက်ထပ်ပါရစေ၊ ကျုပ်ဟာ ဘယ်မိန်းကလေးကိုမှ စိတ်ဝင်စားခဲ့တာ မဟုတ်ပါဘူး၊ ညီမမှယုံရင် စုံစမ်းကြည့်နိုင်ပါတယ်၊ ညီမတို့သားအမိ ခုလိုအခြေအနေမျိုးနဲ့ ထစ်သက်လုံး နေထိုင်သွားဖို့ဆိုတာ မဖြစ်နိုင်ပါဘူး၊ ကျုပ် အလေးအနက်ပြောပါရစေ၊ ညီမကို ကျုပ် လက်ထပ်ပါရစေ'

သူ၏စကားများသည် ချောချောမောမော ရှိမည်မဟုတ်ကြောင်း နားလည်ထားသော်သည်း ဘာမှစဉ်းစားမနေဘဲ စိတ်ထဲရှိသမျှ ပြောချလိုက်ခြင်း ဖြစ်ပေတော့သည်။

ချင်းယင် ခေါင်းငုံ့သွားလေသည်။

ယိုလင်းက....

'ဘယ်လိုလဲ၊ ကျုပ်ကို လက်ထပ်မယ် မဟုတ်လားဟင်'

ဟု ပြောလေသည်။

ချင်းယင်က....

'ကျွန်မဘဝအတွက် အိမ်ထောင်ပြုဖို့ဆိုတာ မဖြစ်နိုင်တော့ပါဘူးရှင်'

ဟု ပြောလေသည်။

'ဟင်'

ယိုလင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ချင်းယင်က....

'ကျွန်မရဲ့သားလေးအတွက် ကျွန်မရဲ့ဘဝတစ်ခုလုံးကို ပေးအပ်ထားပြီးပါပြီရှင်၊ ဒါကြောင့် အိမ်ထောင်ရေးကို ကျွန်မလုံးဝမစဉ်းစားတော့ပါဘူး'

'ညီမ'

'ကျွန်မကို ခွင့်လွှတ်ပါရှင်'

ယီလင်းသည် မည်သို့ဆက်ပြောရမှန်းမသိ ခေါင်းငိုက်စိုက်ကျသွားလေတော့သည်။

*　　*　　*

အပြစ်ပေးခြင်း

---

ယနေ့....

လုံအော့သည် လောင်းကစားဝိုင်းတွင် ငွေအတော်များများ အနိုင်ရလိုက်သဖြင့် ဝမ်းသာပျော်ရွှင်နေလေသည်။

လက်ထဲတွင် ငွေရွှင်လာသည်နှင့် အပျော်ဂေဟာသို့ ရောက်သွားလေတော့သည်။

အပျော်ဂေဟာမှ စိမ်းစိမ်းဆိုသော မိန်းကလေးကို လုံအော့က မျက်စိကျနေသည်မှာ ကြာပြီဖြစ်သည်။

ထို့ကြောင့်လည်း ယနေ့တွင် ငွေအတော်များများပေးကာ စိမ်းစိမ်းကိုခေါ်လာခဲ့ပြီး တည်းခိုခန်းတစ်ခုတွင် အပန်းဖြေလိုက်လေသည်။

လုံးအော့က စိမ်းစိမ်းနှင့်အတူ ရှိနေစဉ်....

'ဒေါက်....ဒေါက်'

တံခါးခေါက်သံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

လုံးအော့ ဒေါပွသွားလေသည်။

'ဘယ်ကောင်လဲကွ၊ ထွက်သွားစမ်း'

ဟု ငေါက်လိုက်လေသည်။

ထိုစဉ်....

'စုန်း'

ကျယ်လောင်သော အသံနှင့်အတူ တံခါးပွင့်သွားလေသည်။

လူတစ်ယောက်က လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

'ဟေ့ကောင်....ဒါ ဘာလုပ်တာလဲ'

လုံးအော့သည် အော်ငေါက်ရင်း လူးလိမ့်ခုန်ထလာ၏။

လာရောက်နှောင့်ယှက်သူကို ဒေါသတကြီး ကြည့်လိုက်လေသည်။

ရုတ်တရက်....



အခန်းတွင်းသို့ ဝင်လာသူကို တွေ့လိုက်ရလျှင် ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

'မင်း ...မင်း... ကျန်းဟို'

မှန်ပေသည်။

အခန်းတွင်းသို့ ဝင်ရောက်လာသူမှာ ကျန်းဟို ဖြစ်လေသည်။

ကျန်းဟိုကိုမြင်လျှင် လုံးအော့ ထိတ်လန့်သွားလေတော့သည်။

'ကျန်း....ကျန်းဟို၊ မှင်း....မင်း....ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ'

ဟု ပြောလိုက်သည်။

ကျန်းဟိုက အေးတိအေးစက်ဖြင့်....

'မင်းက လုံစန်းနဲ့ ချိန်းထားတယ် မဟုတ်လား'

ဟု ပြန်မေးလိုက်သည်။

လုံးအော့က....

'ဟုတ်တယ်၊ ဘာဖြစ်လို့လဲ'

'သူက မင်းဆီကို မလာနိုင်တော့ဘူးဆိုတဲ့ အကြောင်းကို ကျုပ် လာပြောတာပါ'

'ဘာ'

လုံအော့ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

'ဘာပြောတယ်၊ လုံစန်းက မလာနိုင်တော့ဘူး ဟုတ်လား'

ကျန်းဟိုက....

'ဟုတ်တယ်'

'သူ... သူက ဘာဖြစ်လို့လဲ'

'ကျုပ်က ရှင်းပစ်လိုက်လို့ပေါ့'

'ဟင်...မင်း....မင်း....'

လုံအော့ ခံပြင်းဒေါသထွက်သွားလေတော့သည်။

သို့သော်....

ကျန်းဟိုသည် မြွေပွေးမြွေဟောက်ထက်ပင် ကြောက်စရာကောင်းသူဖြစ်ကြောင်း သဘောပေါက်မိသဖြင့် မျက်နှာဖြူဖပ်ဖြူရော် ဖြစ်သွားလေသည်။

ကျန်းဟိုက....

'တကယ်လို့သာ ငွေဓားရဲ့ ကိစ္စ မဖြစ်ပေါ်ခဲ့ဘူးဆိုရင် မင်းတို့နဲ့ ကျုပ် ပတ်သက်စရာ ဘာအကြောင်းမှ မရှိပါဘူး'

ဟု ပြောလေသည်။



လုံအော့က...

'ဒီကိစ္စကတော့ ဘာဖြစ်လို့လဲဟင်၊ မင်းအတွက် ထိုက်သင့်တဲ့ အခကြေးငွေရခဲ့တာပဲ မဟုတ်လား'

ကျန်းဟိုက ခေါင်းခါယမ်းလိုက်သည်။

'မင်းမှားနေပြီ'

'ဘာကွ'

'ကျုပ်အပေါ်မှာ မင်းတို့ညီအစ်ကိုသုံးယောက် ခေါင်းပုံဖြတ်သွားကြတာကို ကျုပ်မသိဘူး ထင်လို့လား'

လုံအော့ နှာခေါင်းရှုံ့လိုက်သည်။

'အဲဒီတုန်းက မင်းကျေနပ်ပြီး လက်ခံခဲ့တာပဲ၊ ခုမှဘာမှ လာမပြောနဲ့၊ အပိုပဲ'

ဟု ခပ်ပြတ်ပြတ် ပြောလိုက်လေသည်။

ကျန်းဟိုက...

'ဘာပဲဖြစ်ဖြစ် မင်းတို့ နောက်နောင် ဒီလိုမလုပ်ရဲအောင်ငါက စာရင်းရှင်းရလိမ့်မယ်'

လုံအော့က....

'ကျန်းဟို... ကျုပ်က မင်းကိုကြောက်နေမယ် မထင်ပါနဲ့'

ပြောရင်း ဝှက်ထားသော ခါးမြှောင်နှစ်လက်ကို ဆွဲထုတ်လိုက်လေသည်။

'အမယ်လေး'

စိမ်းစိမ်းသည် အထိတ်တလန့် အော်ဟစ်ကာ ထွက်ပြေးသွားလေတော့သည်။

ကျန်းဟိုကတော့ လုံအော့ကပါ သူ့ကိုဂရုမစိုက်ပါချေ။

လုံအော့သည် ကျန်းဟိုအား သုတ်သင်ရှင်းလင်းပစ်နိုင်မှ မိမိအသက်ရှင်နိုင်မည် ဖြစ်ကြောင်း နားလည်ထားပြီမဟုတ်ပါလား။

လုံအော့က....

'သေဖို့သာပြင်ထား'

ဟု ကြုံးဝါးကာ တရကြမ်း ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

ဝင်းလက်တောက်ပသော ဓားရောင်များ ထွက်ပေါ်လာသည်။

လုံအော့၏ တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ် ကောင်းအောင် ပြင်းထန်လှသည်။

ကျန်းဟိုအား ကြမ်းပြင်ပေါ် လဲကျသွားစေတော့မည်ဟု ထင်ရလေသည်။



သို့သော်....

လက်တွေ့တွင် ကျန်းဟို၏ အင်္ကျီစကိုပင် ထိအောင်တိုက်ခိုက်နိုင်ခဲ့ခြင်း မရှိပါချေ။

ကျန်းဟိုက အသာအယာပင် ရှောင်တိမ်းလိုက်လေသည်။

လုံအော့က....

'မင်းဘယ်ပြေးမလဲ'

ဟု ကြုံးဝါးကာ တရကြမ်း တိုက်ခိုက်လိုက်ပြန်လေသည်။

ကျန်းဟိုက ရှောင်တိမ်းခြင်းမပြုတော့ပါချေ။

လုံအော့နှင့် ထိပ်တိုက်ရင်ဆိုင်လိုက်လေသည်။

သူ၏လက်တစ်ဖက်သည် လုံအော့၏ ဓားမြှောင်ကိုင်ထားသောလက်ကို ပုတ်ထုတ်လိုက်သည်။

ထို့နောက် ခြေတစ်ဖက်မြှောက်ကာ ကန်ကျောက်ပစ်လိုက်လေသည်။

'ဝုန်း'

'အား'

ကျယ်လောင်သောအသံ ထွက်ပေါ်လာလေသည်။

လုံအော့မှာ လူတခြား ခေါ်ဘာခြားဖြစ်ကာ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

*　　*　　*

လုံအော့သည် ကျန်းဟိုအား ကြောက်ရွံ့စွာဖြင့် ကြည့်နေ၏။

ကျန်းဟိုက....

'လုံစန်းကလဲ ကျုပ်ကိုသတ်သင့်ဖို့ ကြိုးစားခဲ့တာပါပဲ၊ ဒါပေမယ့် သူပဲဒုက္ခရောက်သွားတယ်'

လုံအော့ မျက်နှာပျက်သွားသည်။

'ကျုပ်....ကျုပ်ကို ချမ်းသာပေးပါဗျာ'

ဟု တောင်းပန်လိုက်လေသည်။

ကျန်းဟိုက....

'ချမ်းသာပေးရမယ် ဟုတ်လား'



'ဟုတ်....ဟုတ်ပါတယ်၊ ကျုပ်ဆီမှာ ငွေအတော်များများ ရှိပါတယ်၊ မင်းကိုပေးပါမယ်'

'ဟား ...ဟား ,..ဟား'

ကျန်းဟိုက သဘောကျစွာ ရယ်မောလိုက်လေသည်။

လုံအော့က....

'မင်းအပေါ်မှာ ကျုပ်က တမင်အကောက်ကြံခဲ့တာ မဟုတ်ပါဘူး၊ ကျုပ် မလုပ်ချင်ဘဲ လုပ်ခဲ့ရတာပါ'

'ဘာပြောတယ်'

'ကျုပ် တကယ်ပြောတာပါ'

'ဒါဖြင့် ဘယ်သူ့ကြောင့်လဲ ပြောစမ်း'

ကျန်းဟိုက ငေါက်လိုက်သည်။

လုံအော့က....

'အစ်ကိုကြီးလုံတ ခိုင်းလို့လုပ်ရတာပါ'

အသက်ဘေးနှင့်ကြုံတွေ့နေရပြီဖြစ်ရာ လုံတအပေါ် အပြစ်ပုံချလိုက်ခြင်းဖြစ်ကြောင်း ကျန်းဟို သဘောပေါက်လိုက်လေသည်။

သို့သော်....

'ခြော်... လုံတခိုင်းလို့ လုပ်ရတာကိုး၊ ကောင်းပြီ၊ လုံတက ဘယ်မှာလဲ ပြောစမ်းပါဦး'

လုံအောင်က....

'စိတ်ချ၊ ကျုပ်ပြောပြမယ်'

လုံတရှိသည့်နေရာသို့ ပြောပြလိုက်လေသည်။

ကျန်းဟို ကျေနပ်သွားသည်။

လုံစန်း၊ လုံအောင်နှင့် လုံတတို့သုံးယောက်စလုံးအား သုတ်သင်ရှင်းလင်းပစ်ရန် သူက ဆုံးဖြတ်ထားသည် မဟုတ်ပါလား။

လုံအောင်က....

'ကျုပ်တို့ကလုံတကို ကြောက်ရတယ်၊ သူခိုင်းတာ လုပ်ရတယ်၊ ဒါကြောင့် ကျုပ်က မင်းအပေါ်မှာ မလုပ်ချင်ဘဲ လုပ်ခဲ့ရတာပါ၊ တကယ်တော့ ဒီကိစ္စတွေမှာ လုံတ တာဝန်အရှိဆုံးပါ'

'ကောင်းပြီလေ၊ ကျုပ်က လုံတကို ဆုံးမလိုက်ပါ့မယ်၊ ကဲ....မင်းမှာ ငွေဘယ်လောက်ရှိသလဲ၊ ပေးစမ်းပါ'

'ကျုပ်'

'ဘာလဲ၊ မင်းက မပေးချင်ဘူးလား'



ကျန်းဟိုက ခပ်တည်တည် ငေါက်လိုက်လေသည်။

လုံအောင် မနေနိုင်တော့ပါချေ။

'ပေး....ပေးပါ့မယ်ဗျာ'

ချက်ချင်းပင် ငွေအိတ်ကို ထုတ်ပေးလေသည်။

ကျန်းဟိုက လှမ်းယူလိုက်သည်။

ထိုစဉ်....

'ယား'

လုံအောင်သည် အလစ်အငိုက်ဖမ်းကာ တိုက်ခိုက်လိုက်၏။

ထိုသို့တိုက်ခိုက်လာမည်ဆိုသည်ကို ကျန်းဟို ရိပ်မိထားပြီးဖြစ်လေသည်။

ချက်ချင်းပင် လုံအောင်၏လက်ကို ဖမ်းလိမ်ချိုးကာ ကိုင်ပေါက်ပစ်လိုက်လေသည်။

လုံအောင် ဘာမှ မတတ်နိုင်ပါတော့ချေ။

'စုန်း'

ကြမ်းပြင်ပေါ်သို့ ခြေပစ်လက်ပစ် ပြုတ်ကျ သွားလေသည်။

ကျန်းဟိုသည် လုံအောင်အနီးသို့ လိုက်သွားပြီး ဇက်ပိုးကို လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်လေသည်။

'ဖြောင်း'

'အား'

သူ၏ လက်ဝါးစောင်းခုတ်ချက်မှာ ပြင်းထန်လှပေသည်။

လုံအော့ စူးရှစွာအော်ဟစ်လိုက်ပြီး ဇက်ကျိုးကျသွား၏။

ကျန်းဟို မဲ့ပြုံးပြုံးလိုက်သည်။

'ငါ့အပေါ် အကောက်ကြံရင် ခုလို ဖြစ်ရမယ်ဆိုတာကို မင်း သိထားသင့်တာပေါ့'

ဟု ပြောလိုက်သည်။

ထို့နောက်....

အခန်းတွင်းမှ အေးအေးလူလူပင် ထွက်သွားလေတော့သည်။

* * *

## အန္တရာယ်စက်ကွင်း

---

တောင်ပေါ်လေ တဟူးဟူး တိုက်ခတ်နေသည်။

ဖုန်များ၊ သဲများ၊ အမှိုက်သရိုက်များသည် လေနှင့်အတူ လွင့်ပျံ့နေ၏။

တောင်ပေါ်တွင် ဘုံကျောင်းပျက်တစ်ခု ရှိနေပါသည်။

ဘုံကျောင်းပျက်ရှေ့၌ လူတစ်ယောက်က မလှုပ်မယှက် ရပ်နေလေသည်။

ထိုလူမှာ လုံတ ဖြစ်ပါသည်။

လုံတ၏မျက်နှာ တည်ကြည်လေးနက်နေသည်။

တောင်ပေါ်တက်ရာလမ်းဆီသို့ မမှိတ်မသုန် စိုက်ကြည့်နေ၏။

သူ၏မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပြောင်နေလေသည်။

သူက တစ်စုံတစ်ယောက်အား စောင့်မျှော်နေခြင်း ဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။

မှန်ပေသည်။

တစ်ခဏအကြာတွင် တောင်ပေါ်သို့ တက်ရာလမ်းတွင် လူတစ်ယောက်၏ပုံရိပ် ထွက်ပေါ်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူသည် အနီရောင်ဝတ်ဆင်ကာ အနက်ရောင်ဝတ်ရုံ လွှမ်းခြုံထားသူ ဖြစ်လေသည်။

ထိုလူ၏ ရုပ်သွင်သည် ဟန်မူရာကင်းမဲ့ကာ ရက်စက်ကြမ်းကြုတ်မည့်အသွင် ရှိလေသည်။

လုံတ ပြုံးလိုက်သည်။

'ခင်ဗျားက အချိန်မှန်သားပဲ'

ဟု ပြောလိုက်သည်။

ထိုလူသည် တစ်ခဏအတွင်းမှာပင် လုံတအနီးသို့ ရောက်ရှိလာလေသည်။

လုံတကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး....

'မင်းက လုံတဟုတ်လား'



ဟု မေးလေသည်။

လုံတ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

'ကောင်းပြီ၊ ကျုပ်တို့ကို ဘာကြောင့် တွေ့ချင်ရတာလဲ၊ ပြောပါ'

လုံတက....

'ကျုပ်က ပွဲပေါက်တစ်ခုကို တွေ့ထားတယ်၊ ကျုပ်တစ်ယောက်တည်းလုပ်လို့ မဖြစ်ဘူး၊ ဒါကြောင့် အကူအညီပေးမယ့်လူကိုရှာရင်း ခင်ဗျားတို့အဖွဲ့ကို သတိရမိလို့ပါ'

ထိုလူက....

'အင်း.... ကျုပ်တို့သွေးစကြာဂိုဏ်းဟာ နဂါးမြစ်ညီနောင်သုံးဖော်နဲ့လက်တွဲပြီး အလုပ်လုပ်ခဲ့ကြဖူးတာပဲ၊ အကျိုးအမြတ်လဲ ရှိခဲ့ဖူးတယ်၊ ကျုပ်တို့ရဲ့ခေါင်းဆောင် သွေးတီလူးက ခင်ဗျားချိန်းလိုက်တဲ့ကိစ္စကို စိတ်ဝင်စားနေတယ်၊ ဒါကြောင့်လဲ ကျုပ်ကို လွှတ်လိုက်တာပဲ'

လုံတက ရယ်မောလိုက်လေသည်။

'ကျေးဇူးတင်ပါတယ်ဗျာ၊ ခုတစ်ကြိမ်မှာ အချီကြီးရမှာမို့ ခင်ဗျားတို့ဘက်က ထိထိရောက်ရောက် ကူညီဖို့လိုပါတယ်'

ထိုလူက….

'ကျုပ်တို့ကတော့ ငွေရမယ်ဆိုရင် ဘာမဆို လုပ်ဖို့ဝန်မလေးဘူး၊ ခင်ဗျား ဘယ်လိုပွဲပေါက်ရှိတယ်ဆိုတာ ပြောပါ'

လုံတက….

'ကျုပ်က သတင်းတစ်ခုကြားခဲ့ရတယ်၊ ခုံလုံရှမ်းမြို့က သူဌေးမကြီးမေဝါးဟာ လုယန်းမြို့ကို ခရီးထွက်သွားတယ်၊ မကြာခင် လုယန်းမြို့က ပြန်လာလိမ့်မယ်'

ဝတ်ရုံနက်လွှမ်းခြုံထားသူ (ဝါ) သွေးစကြာဂိုဏ်းမှလူသည် ဂိုဏ်းခေါင်းဆောင်သွေးဘီလူး၏ လူယုံတော်တစ်ယောက်ဖြစ်ပြီး ရှဲဝမ်ဟု အမည်ရှိလေသည်။

ရှဲဝမ်သည် ကြောက်စရာကောင်းသော လူဆိုးဓားပြတစ်ယောက်လည်း ဖြစ်လေသည်။

ရှဲဝမ်က….

'ဩော်….အထည်အလိပ်လုပ်ငန်း လုပ်ကိုင်ပြီး တိုင်းပြည်နဲ့အဝှမ်း ထင်ရှားနေတဲ့ သူဌေးမကြီးမေဝါးကို ပြောတာကိုး'

'ဟုတ်တယ်'

'မေဝါးဟာ ချမ်းသာကြွယ်ဝတဲ့အပြင် မိတ်ဆွေသင်္ဂဟလဲများတယ်၊ နေပြည်တော်အထိ ပေါက်ရောက်တယ်ဆိုတာလဲ ခင်ဗျားသိရဲ့လား'



လုံဘက….

'သိတာပေါ့ဗျာ၊ နန်းတွင်းသူတွေဟာ သူဌေးမကြီးမေဝါးရဲ့ အထည်အလိပ်တွေကို ဝယ်ယူနေတဲ့ဖောက်သည်တွေပဲ၊ မိဖုရားကြီးနဲ့ သားသမီးတွေလဲ မကြာခဏ ဝယ်ယူအားပေးလေ့ရှိတာပဲ၊ ဒါကြောင့် သူဌေးမကြီးမေဝါးကို ဘုရင့်မင်းမြတ်က သူကောင်းပြုထားတာပေါ့'

ရှဲဝမ်က….

'မေဝါးဟာ နန်းတွင်းနဲ့ ပတ်သက်နေမှန်းသိလျက် ခင်ဗျား မစိုးရိမ်ဘူးလား'

လုံဘ ပြုံးလိုက်သည်။

'ကျုပ်က ငွေရရင် ဘာမဆိုလုပ်တယ်၊ ခင်ဗျားတို့ကလဲ ငွေသာရမယ်ဆိုရင် ဘာမဆိုလုပ်ဝံ့ကြတယ်၊ ကဲ… ကျုပ်တို့ပူးပေါင်းလိုက်ရင် ဘာမဆို လုပ်ဝံ့ကြရမှာပေါ့၊ ပြီးတော့ ခုတစ်ကြိမ် ကျုပ်တို့ရမယ့်ငွေကြေးဟာ ကျုပ်တို့တစ်သက်မှာ မကုန်ဖူးအောင် များပြားနေမယ်မဟုတ်လား'

ရှဲဝမ်က….

'ဒါပေမယ့် တခြားကိစ္စတွေထက် အန္တရာယ်ပိုများတယ်ဆိုတာ မေ့ထားလို့မဖြစ်ဘူးလေ'

လုံတက….

'ငွေရရင် ဘာမဆိုလုပ်ရဲမှတော့ အန္တရာယ်ဆိုတာကို စဉ်းစားစရာ မလိုတော့ပါဘူးဗျာ'

ရှဲဝမ် သဘောကျသွားလေသည်။

'ခင်ဗျားက အသက်နဲ့ရင်းဝံ့တယ်ပေါ့၊ ဟုတ်လား'

'ကျုပ်တို့ဟာ ကြေးစားလူသတ်သမားတွေ လုပ်နေကြတာပဲဗျာ'

ရှဲဝမ်က....

'ကောင်းပြီ၊ ခင်ဗျားရဲ့အစီအစဉ်မှာ ကျုပ်တို့ သေနင်းစကြာအဖွဲ့က ဘယ်လိုပါဝင်ပတ်သက်ရမယ်ဆိုတာ ပြောပါ'

ဟု မေးလိုက်လေသည်။

လုံတက....

'ကျုပ်က လုယန်းမြို့ကနေပြီး သူဌေးမကြီးမေဝါး ပြန်လာတဲ့အခါ လမ်းခရီးမှာ ကြားဖြတ်တိုက်ခိုက်မယ်လို့ စိတ်ကူးထားတယ်၊ ခင်ဗျားတို့က ကျုပ်နဲ့ လက်တွဲဆောင်ရွက်ဖို့ပါပဲ'

ရှဲဝမ်က....

'ဘယ်လို လက်တွဲဆောင်ရွက်ရမယ်ဆိုတာ ရှင်းရှင်းလင်းလင်း ပြောဦးမှပေါ့'

လုံတက....



'ခုကိစ္စကို ကျုပ်က စိတ်ကူးထားတုန်းပဲ ရှိပါသေးတယ်၊ ခင်ဗျားတို့လဲ လက်တွဲဆောင်ရွက်ကြမယ်ဆိုရင်တော့ ကျုပ် သေသေချာချာ စီစဉ်မှာပါ'

ရှဲဝမ် နှာခေါင်းရှုံ့လိုက်သည်။

'ခင်ဗျားက စိတ်ကူးယဉ်ပြီး လျှောက်ပြောနေတာကိုး'

လုံတ ခေါင်းခါယမ်းလိုက်လေသည်။

'ကျုပ်က စိတ်ကူးယဉ်တာမဟုတ်ဘူး၊ လက်တွေ့ဆောင်ရွက်ဖို့ စီစဉ်ထားတာပါ'

'ဟုတ်လား၊ ဒါဖြင့် ခင်ဗျားရဲ့အစီအစဉ်ကို ပြောပါဦး'

ရှဲဝမ်က ထပ်မေးလိုက်ခြင်း ဖြစ်လေသည်။

လုံတ သက်ပြင်းချလိုက်သည်။

'ကျုပ်စီစဉ်ထားတာက'

သူ၏အစီအစဉ်ကို ပြောပြလိုက်လေသည်။

သူက ပြောမပြလျှင် ရှဲဝမ်တို့က လက်တွဲလာမည် မဟုတ်ဟု သဘောပေါက်ထား၏။

ရှဲဝမ်တို့သေနင်းစကြာဂိုဏ်းက လက်တွဲလာမှသာလျှင် သူ၏ အကြံအစည် ထမြောက်အောင်မြင်လိမ့်မည် မဟုတ်ပါလား။

ရှဲဝမ်သည် လုံတ၏စကားကိုနားထောင်ပြီးလျှင်....

'မဆိုးဘူး၊ သူနဲ့အတူ အဖိုးတန်ရွှေငွေရတနာတွေ ပါမလာရင်ကော'

ဟု မေးလေသည်။

လုံတက....

'လွယ်ပါတယ်၊ သူ့ကိုပြန်ပေးဆွဲထားလိုက်ရုံပေါ့'

'ဪ'

'မေဝါးကို ဖမ်းမိထားပြီဆိုရင် ဘာလိုသေးသလဲဗျာ၊ ကျုပ်တို့ ကြိုက်သလောက် တောင်းယူလို့ရပြီပေါ့'

ရှဲဝမ်က....

'သူတို့ ဘယ်တော့ လုယန်းမြို့က ထွက်လာကြမလဲ၊ ဘယ်လမ်းခရီးကသွားကြမလဲ'

လုံတက....

'စိတ်ချပါဗျာ၊ ဒါတွေကိုလဲ ကျုပ်က စုံစမ်းထားပြီးပါပြီ'

'ပြောပါဦးဗျ'

'သူတို့ဟာ....'

လုံတက သူ စုံစမ်းသိရှိထားသမျှကို ပြောပြလိုက်လေသည်။



ရှဲဝမ်သည် လုံတ၏ အစီအစဉ်ကို သဘောကျသွားလေသည်။

လုံတ၏ အစီအစဉ်အတိုင်းဆိုလျှင် မအောင်မြင်စရာအကြောင်း ဘာမှမရှိဟု တွေးမိလိုက်လေသည်။

လုံတက....

'ကဲ....ခင်ဗျား ဘယ်လိုသဘောရသလဲ'

ဟု မေးလိုက်လေသည်။

ရှဲဝမ် ပြုံးလိုက်သည်။

'ခင်ဗျားရဲ့အစီအစဉ်တွေ အားလုံး ကောင်းပါတယ်၊ မဖြစ်နိုင်တာမရှိသလောက် စေ့စပ်သေချာပါတယ်၊ ဒါပေမယ့် ပြဿနာတစ်ခု ရှိနေတယ်'

လုံတက....

'ဘာများလဲဗျ'

ရှဲဝမ်က....

'ဒီကိစ္စမှာ ကျုပ်တို့က တာဝန်ယူ ဆောင်ရွက်ရမယ့်သဘောရှိနေတယ်၊ ခင်ဗျားကျတော့ အေးအေးဆေးဆေးပါပဲလားဗျ'

လုံတက....

'ကျုပ်က ဒီကိစ္စတစ်ခုလုံး စီစဉ်ထားခဲ့ရတယ် ဆိုတာ မမေ့ပါနဲ့လေ'

ရှဲဝမ်က....

'စီစဉ်ရုံနဲ့ ပြီးတာမှ မဟုတ်တာဗျာ'

လုံတက....

'ခင်ဗျားတို့သဘောမကျဘူးဆိုရင်လဲ ကျုပ်က တခြားအဖွဲ့ တစ်ဖွဲ့ဖွဲ့နဲ့ ညှိနှိုင်းရတော့မှာပေါ့ဗျာ'

ရှဲဝမ်က သက်ပြင်းချလိုက်သည်။

'ကောင်းပြီလေ၊ ကျုပ်တို့က လက်တွဲဆောင်ရွက်ကြမယ်ဆိုရင် အကျိုးအမြတ် ဘယ်လိုရမလဲဆိုတာ ပြောပါဦး'

ဟု မေးလိုက်သည်။

လုံတက....

'တစ်ယောက်တစ်ဝက်ပေါ့'

'တစ်ဝက်စီ'

'ဟုတ်တယ်'

'ခင်ဗျားက စီစဉ်ရုံပဲ၊ တစ်ဝက်ယူတာ မများဘူးလား'

လုံတက....



'ကျုပ်က သူဌေးမကြီးမေဝါး အပြန်လမ်းမှာ ကျုပ်စိတ်ကြိုက်ဖြစ်အောင် ဖန်တီးနိုင်အောင် ကျုပ်လူတွေကို အစားသွင်းထားရတယ်၊ တချို့လူတွေကို ငွေအမြောက်အမြားပေးပြီး စည်းရုံးသိမ်းသွင်းထားရတယ်၊ ဒါတွေကိုမေ့ထားလို့ဘယ်ဖြစ်ပါ့မလဲဗျာ'

ရှဲဝမ်က....

'ဩော်....ဒီလိုလား၊ ကောင်းပြီလေ၊ ကျုပ်က ခေါင်းဆောင်ကြီးကို ပြန်ပြောပြမယ်၊ သူက သဘောတူတယ်ဆိုရင် လက်တွဲပြီး လုပ်ကိုင်ကြတာပေါ့'

လုံတ စိတ်ပျက်သွားလေသည်။

'သေးစကြာဂိုဏ်းဟာ ပြတ်ပြတ်သားသား လုပ်ကိုင်တတ်တယ်ဆိုတာ ကျုပ်သိထားလို့ ခင်ဗျားတို့ကို ဖိတ်ခေါ်လိုက်တာပေါ့၊ ခုလို မပြတ်မသားဖြစ်နေမယ်ဆိုရင်....'

ရှဲဝမ်က....

'ခေါင်းဆောင်ကြီးရဲ့ သဘောထားကို မသိရသေးဘဲ ကျုပ် ပြောနိုင်မှာမဟုတ်ဘူး၊ ဒါပေမယ့် ဘာမှမပူပါနဲ့လေ၊ တစ်ရက်နှစ်ရက်အတွင်း အဖြေသိရမှာပါ'

လုံတက....

'ကောင်းပြီ၊ နောက်သုံးရက်ကြာလို့ အဖြေမသိရဘူးဆိုရင်တော့ ကျုပ်က တခြားလူနဲ့ လက်တွဲရတော့မှာပဲ'

ဟု ခပ်ပြတ်ပြတ်ပြောလိုက်လေသည်။

ရှဲဝမ်က....

'စိတ်ချ၊ ကျုပ်က သုံးရက်အချိန်ယူပေမယ့် တကယ်တမ်း သုံးရက်မကြာပါဘူး'

'ဒါဖြင့် ကျုပ်တို့ နောက်တစ်ခေါက် တွေ့ကြသေးတာပေါ့ဗျာ'

'ကောင်းပြီ၊ ဘယ်နေရာမှာတွေ့မလဲ'

လုံတသည် အနည်းငယ်စဉ်းစားလိုက်ပြီး....

'ဒီနေရာမှာပဲတွေ့ကြရင် မကောင်းဘူးလား'

ဟု ခပ်ပြောလေသည်။

ရှဲဝမ်က သဘောတူလိုက်သည်။

'ဒါဖြင့် နောက်သုံးရက်ကြာရင် ဒီနေရာကို ကျုပ် လာခဲ့မယ်'

'ကောင်းပါပြီဗျာ'

ရှဲဝမ်သည် လုံဘကိုနှုတ်ဆက်ကာ ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်မှာပင်....



မလှမ်းမကမ်းမှ လူရိပ်တစ်ခု လှုပ်ရှားသွားသည်ကို တွေ့မြင်လိုက်ရလေသည်။

ရှဲဝမ် ရင်ထိတ်သွားလေသည်။

'ဘယ်သူလဲ'

ဟု မေးလိုက်သည်။

သူ၏ အသံကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

လုံတလည်း ထိတ်လန့်သွားသည်။

'ဟေ့....ထွက်လာခဲ့စမ်း'

ဟု အော်ပြောလိုက်သည်။

နှစ်ယောက်သား တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်လေသည်။

ထိုအခါ....

'ဟား....ဟား....ဟား'

ရယ်မောသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

သစ်ပင်များနောက်ကွယ်မှ လူတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့ရလေသည်။

ထိုလူကိုမြင်လျှင် လုံတ မျက်နှာပျက်သွားပြီး....

'ကျန်းဟို'

ဟု လွှတ်ခနဲရေရွတ်လိုက်လေသည်။

မှန်ပေသည်။

သစ်ပင်များနောက်ကွယ်မှ ထွက်လာသူမှာ ကျန်းဟို ဖြစ်နေပါတော့သည်။

ရှဲဝမ်က....

'မင်းအသက်ငါ့ပေး ကျန်းဟို ဟုတ်လား'

ဟု မေးလိုက်သည်။

လုံတက....

'ဟုတ်တယ်'

ရှဲဝမ်က....

'ဒီလူဟာ အတော်ကြောက်စရာကောင်းတယ်လို့ နာမည်ကြီးနေတာပဲ၊ ခင်ဗျားနဲ့ ဘယ်လိုပတ်သက်နေလို့လဲ'

လုံတက....

'သူက ကျုပ်တို့ နဂါးမြစ် ညီနောင် သုံးဖော် အပေါ် ဘာတွေ မကျေမနပ်ဖြစ်နေတယ်ဆိုတာ ကျုပ်လဲ မပြောတတ်တော့ပါဘူးဗျာ၊ ဒါပေမယ့် ကျုပ်ရဲ့ အစီအစဉ်ကို သိလို့ ဖျက်ဆီးဖို့ ကြံစည်တာပဲဖြစ်မယ်'



'ဘာဗျ'

ရှဲဝမ် မကျေမနပ် ဖြစ်သွားလေသည်။

'သူက ခင်ဗျားရဲ့ အစီအစဉ်တွေကို ဖျက်ဆီးချင်နေတယ် ဟုတ်လား'

'ဟုတ်ပါတယ်ဗျာ'

'ဘာကြောင့်လဲဗျ'

'သူကလဲ သူဌေးမကြီးမေဝါးရဲ့ ပစ္စည်းတွေကို မျက်စိကျနေလို့ပေါ့'

'ဒါဆို ကျုပ်တို့နဲ့ ပြိုင်ဘက်ဖြစ်လာပြီပေါ့'

'ဟုတ်တယ်၊ ကျုပ်တို့ကို ဒုက္ခပေးမယ့်လူပေါ့ဗျာ'

ရှဲဝမ်က....

'ဒါဖြင့် လက်ပိုက်ကြည့်နေလို့ မဖြစ်တော့ဘူးဗျ'

လုံတ ကျေနပ်သွားလေသည်။

'စိတ်ချပါဗျာ၊ ကျုပ်ကို ဒုက္ခပေးရင် ဘယ်လိုဖြစ်သွားရမယ်ဆိုတာကို ကျုပ်က လက်တွေ့ပြလိုက်ပါ့မယ်'

စကားဆုံးလျှင် ရှေ့သို့လှမ်းထွက်ကာ ကျန်းဟိုနှင့်ရင်ဆိုင်လိုက်လေသည်။

လုံတသည် ကျန်းဟို အား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး....

'ကျန်းဟို၊ မင်းက ဘာသဘောလဲ'

ဟု မေးလိုက်လေသည်။

ကျန်းဟိုက....

'ခင်ဗျားကို လာရှာတာပေါ့ဗျာ၊ ငွေခေးရဲ့ကိစ္စ ဖြေရှင်းချင်လို့ပေါ့ဗျ'

'ငွေခေးကိစ္စ'

'ဟုတ်တယ်'

'နေစမ်းပါဦး၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျုပ်တို့ ရှင်းရှင်းလင်းလင်း ရှိခဲ့ကြတယ် မဟုတ်လား'

ကျန်းဟိုက....

'ဒီကိစ္စမှာ ရွှေခေးမပါပဲ ငွေခေးကိုလုပ်ကြံဖို့ချည်း သက်သက်ဆိုတာ ကျုပ် သိပြီးပြီ'

'ဩော်'

လုံတ မျက်နှာပျက်သွားလေသည်။

ကျန်းဟိုက....

'ကဲ....ဒီကိစ္စအတွက် ခင်ဗျားဘယ်လိုဖြေရှင်းမလဲ'



လုံတက သက်ပြင်းချလိုက်သည်။

'ဘာပဲဖြစ်ဖြစ် ဒီကိစ္စဟာ ပြီးဆုံးသွားခဲ့ပြီ မဟုတ်လားဗျာ'

ကျန်းဟိုက....

'ကျုပ်ကို တစ်ပတ်မရိုက်ဘဲ ပွင့်ပွင့်လင်းလင်း ပြောကြမယ်ဆိုရင်တော့ ပြီးသွားတာ ကြာပြီပေါ့ဗျာ'

'ဩော်....မင်းက မကျေနပ်ဘူးပေါ့'

'ဟုတ်တယ်'

'မင်း ဘယ်လိုစာရင်းရှင်းချင်သလဲ ပြောပါ'

လုံတက ခပ်ပြတ်ပြတ် မေးလိုက်လေသည်။

သူ၏အနီးတွင် ရှဲဝမ်တစ်ယောက်လုံး ရှိနေသည်မှုဟုတ်ပါလား။

ကျန်းဟိုကသာ သူ့ အား ဒုက္ခပေးလာမည် ဆိုပါလျှင် ရှဲဝမ် လက်ပိုက်ကြည့်နေမည် မဟုတ်ဟု သဘောပေါက်ထား၏။

ကျန်းဟိုက....

'လုံအောင့်နဲ့လုံစန်းတော့ သေသွားပြီ'

ဟု အေးတိအေးစက် ပြောလေသည်။

'မင်း....မင်း'

လုံတ ဒေါသထွက်သွားလေသည်။

ကျန်းဟိုက....

'ခင်ဗျားအလှည့်ပဲ ကျန်တော့တယ်'

လုံတက....

'ကောင်းပြီ၊ မင်းဘယ်လောက် တတ်နိုင်မလဲဆိုတာကြည့်ကြသေးတာပေါ့'

စကားဆုံးလျှင် ဓားတစ်လက်ဆွဲဘုတ်ကာ တိုက်ခိုက်လိုက်လေသည်။

ဝင်းလက်တောက်ပသော ဓားရောင်များ ထွက်ပေါ်လာလေသည်။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိလိုက်သည်နှင့်....

'ခြွမ်း....'

ကျယ်လောင်သောအသံ ထွက်ပေါ်လာလေသည်။

ဓားနှစ်လက်သည် ပြင်းထန်စွာ ထိတွေ့မိလိုက်ကြသည်၊

လုံတကော ကျန်းဟိုပါ နောက်သို့ပြိုင်တူဆုတ်လိုက်ကြ၏။

လုံတက ရယ်မောလိုက်လေသည်။



'ဟား....ဟား....ဟား....မင်းရဲ့မဖြစ်စလောက် ပညာလေးနဲ့ ငါ့ကိုအန်တုလို့ရမလား'

ဟု ကြုံးဝါးကာ ဓားကိုဝှေ့ယမ်းပြီး ထပ်မံတိုက်ခိုက်လိုက်၏။

ယခုတစ်ကြိမ်....

သူ၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ် ကောင်းအောင်ပြင်းထန်နေပါသည်၊

ဓားတစ်ချက်ထိလိုက်သည်နှင့် အသက်ပျောက်သွားရနိုင်ဖြစ်လေသည်။

သို့သော်....

ကျန်းဟိုသည် ပွတ်ကာသီကာ ရှောင်တိမ်းနေပြီး ပြန်သည် တိုက်ခိုက်လိုက်လျှင်....

'ခြွမ်း'

'အား'

စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာလေသည်။

ဓားရောင်များ ဝင်းလက်သွားသည်။

ကျန်းဟို၏ဓားသည် လုံတ၏ဓားခုတ်ချက်ကို ထိပ်တိုက်ဟန့်တားလိုက်ပြီး အောက်ဘက်သို့ ခပ်စွေစွေခုတ်ချလိုက်ရာ

လုံတ၏ ဓားကိုင်သောလက်ဖျံကို ရှပ်၍ ခုတ်မိသွားတော့သည်။

လုံတသည် စူးရှစွာအော်လိုက်ပြီး ကပျာကယာ နောက်ဆုတ်လိုက်လေသည်။

ကျန်းဟိုအား မယှဉ်နိုင်ကြောင်း ချက်ချင်း သဘောပေါက်သွား၏။

ကျန်းဟိုက....

'ကျုပ်ကိုတစ်ပတ်ရိုက်ဖို့ ဘယ်သူကအကြံပေးတာလဲ ပြောစမ်း'

ဟု ငေါက်လိုက်သည်။

နဂါးမြစ်ညီနောင် သုံးဖော်သည် ကိုယ့်သဘောနှင့်ကိုယ် ယခုကဲ့သို့ တစ်ပတ်ရိုက်ရဲမည် မဟုတ်ဟု ယုံကြည်ထားလေသည်။

လုံတက မဲ့ပြုံးပြုံးလိုက်ပြီး....

'ကျုပ်မှာ မိတ်ဆွေရှိနေတယ်ဆိုတာ မင်းမျက်မြင်ပဲ'

ဟု ပြောလိုက်လေသည်။

ကျန်းဟိုက....

'သြော်....ဒီလိုလား၊ ကောင်းပြီလေ ခင်ဗျားရဲ့မိတ်ဆွေတွေကိုပါ ဆုံးမရမှာပေါ့'



စကားဆုံးလျှင် ရှဲဝမ်အား စိုက်ကြည့်လိုက်လေသည်။

'ဟား....ဟား....ဟား'

ရှဲဝမ်က ဟားတိုက်ရယ်မောလိုက်လေသည်။

'ကျုပ်တို့ကို ဆုံးမမယ်ဟုတ်လား၊ ရယ်စရာကောင်းလိုက်တာ၊ ကျန်းဟို....မင်းက သိုင်းလောကမှာ ဘယ်လောက်ပဲ နာမည်ကြီးနေပါစေ၊ ကျုပ်တို့က မင်းကို ဆုံးမနိုင်သေးတယ်ဆိုတာ မှတ်ထားပါ'

ဟု ပြောကာ ဓားတစ်လက်ဆွဲထုတ်လိုက်လေသည်။

လုံတကလည်း လွတ်ကျသွားသောဓားကို ကောက်ယူလိုက်သည်။

ထို့နောက် နှစ်ယောက်သား ကျန်းဟိုထံသို့ ခုန်ဝင်ကာ တိုက်ခိုက်လိုက်ကြလေသည်။

သူတို့၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ် ကောင်းအောင် ပြင်းထန်နေပါသည်။

ဝင်းလက်တောက်ပသော ဓားရောင်များ ထွက်ပေါ်လာသည်။

ကျန်းဟိုကလည်း....

'ယား'

ငြာသံပေးကာ ချက်ချင်း ပြန်လည် တိုက်ခိုက်လိုက်လေသည်။

သူတို့ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြလျှင်....

'ခြိမ်း... ခြိမ်း ...ခြိမ်း'

'ဝုန်း'

'အား'

စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာလေသည်။

ရှဲဝမ်နှင့်လုံတတို့ ကပျာကယာ နောက်ဆုတ်လိုက်ကြ၏။

ကျန်းဟို၏တိုက်ခိုက်မှုကြောင့် နှစ်ယောက်စလုံး ဒဏ်ရာရရှိသွားကြပြီ ဖြစ်လေသည်။

ရှဲဝမ်သည် ပခုံးတွင် ရရှိထားသောဒဏ်ရာကို လက်ဖြင့်ဖိကာ နောက်ဆုတ်လိုက်ရင်း ကျန်းဟိုအား မယုံကြည်နိုင်စွာ ကြည့်လိုက်လေသည်။

လုံတကား ဒဏ်ရာပြင်းထန်စွာရရှိထားပြီဖြစ်ရာ ခန္ဓာကိုယ် ဒယီးဒယိုင်ဖြစ်နေသည်။

ကျန်းဟိုကို မျက်လုံးကြီးပြူးကာ ကြည့်ရင်း....

'မင်း....မင်း'



ထစ်ထစ်ငေါ့ငေါ့ ရေရွတ်လိုက်သည်။

ထို့နောက် မည်သို့မျှ မဟန်နိုင်တော့ဘဲ....

'ဝုန်း'

မြေပေါ်လဲကျကာ အသက်ပျောက်သွားလေတော့သည်။

ရှဲဝမ် မျက်နှာပျက်နေသည်။

ကျန်းဟိုက....

'သူက ကျုပ်ကို တစ်ပတ်ရိုက်ခဲ့တယ်၊ ရမယ့်ငွေတွေကို ခေါင်းပုံဖြတ်ယူသွားတယ်၊ ဒါကြောင့် ကျုပ်က သူ့ကို ဆုံးမလိုက်တာပဲ၊ ခင်ဗျား ဘာပြောချင်သေးလဲ'

ဟု မေးလိုက်လေသည်။

ရှဲဝမ် သက်ပြင်းချလိုက်သည်။

'အနက်ရောင် သိုင်းလောကသားဖြစ်ပေမယ့် အချင်းချင်းတော့ သစ္စာရှိသင့်တာပေါ့'

ကျန်းဟိုက....

'ဒါပေါ့ဗျာ၊ သူတို့ဟာ ကျုပ်ကိုချောက်တွန်းပြီး ဒုက္ခပေးခဲ့ကြသေးတယ်လေ၊ သူတို့ကို မဆုံးမဘူးဆိုရင် ကျုပ် ကျန်းဟိုကို ဘယ်သူကမှ ဂရုစိုက်ကြတော့မှာ မဟုတ်ဘူး'

ရှဲဝမ်က....

'ခင်ဗျား မှန်ပါတယ်ဗျာ၊ ဒါပေမယ့်....'

'ဒါပေမယ့် ဘာဖြစ်သလဲ၊ ပြောပါဦးဗျာ'

'သူဟာ ကျုပ်တို့အတွက် အကျိုးကျေးဇူးပြုမယ့် လူတစ်ယောက်ဆိုတော့ သူသေသွားတာကို ကျုပ်တို့ရဲ့ ခေါင်းဆောင်က သဘောကျမှာမဟုတ်ဘူး'

ကျန်းဟို မျက်မှောင်ကုတ်သွားပြီး....

'ခင်ဗျားတို့ဟာ သွေးစကြာဂိုဏ်းကလူတွေ ဟုတ်လား'

'ဟုတ်တယ်'

ကျန်းဟို မျက်နှာပျက်သွားလေသည်။

သွေးစကြာဂိုဏ်းသည် အလွန်ကြောက်စရာကောင်းသော သိုင်းအဖွဲ့တစ်ခုဖြစ်ကြောင်း သိုင်းလောကသားတိုင်း သိထားကြသည် မဟုတ်ပါလား။

ကျန်းဟိုကိုယ်တိုင်ပင်လျှင် သွေးစကြာဂိုဏ်းနှင့် ဝေးဝေးမှ ရှောင်ခဲ့လေသည်။

သွေးစကြာဂိုဏ်း၏ ရက်စက်မှုမှာ ညြချိရသည် မဟုတ်ပါလား။

ရှဲဝမ်က....

'ကျုပ်တို့နှစ်ယောက် ဘာတွေ ဆွေးနွေးခဲ့ကြတယ်ဆိုတာ ခင်ဗျားကြားပြီးပြီ မဟုတ်လား'



ဟု မေးလေသည်။

ကျန်းဟိုက....

'ဟုတ်တယ်၊ ဒါပေမယ့် ခင်ဗျားတို့ ကိစ္စထဲ ကျုပ်က ဝင်ရှုပ်မှာ မဟုတ်ပါဘူး'

ရှဲဝမ်က....

'ကျုပ်တို့ ကိစ္စကို အပြင်လူတစ်ယောက် သိနေတာကို ခေါင်းဆောင်ကြီးက သဘောတူမှာ မဟုတ်ဘူးဗျ'

ကျန်းဟိုက....

'ကျုပ်က ဝင်မရှုပ်ဘူးလို့ ပြောပြီးပြီလေဗျာ'

ရှဲဝမ်က....

'ခင်ဗျားဝင်ရှုပ်မှာမဟုတ်ဘူးဆိုတာကို ကျုပ် ယုံကြည်ပါတယ်၊ ဒါပေမယ့် လုံတကို သတ်ပစ်လိုက်တာကော၊ ဒီကိစ္စကို ခင်ဗျားသိနေတာကော သဘောကျစရာကောင်းတဲ့ ကိစ္စမှ မဟုတ်တာဘဲ'

ကျန်းဟို မဲ့ပြုံးပြုံးလိုက်သည်။

'ကျုပ် ရှင်းမပစ်လဲ လုံတကို ခင်ဗျားတို့ ရှင်းပစ်ကြမှာပဲ မဟုတ်လား'

ရှဲဝမ်က....

'ဒါတော့ ဟုတ်တယ်၊ သူ့လို လူစားမျိုးကို ယုံကြည်စိတ်ချလို့ရတာ မဟုတ်ဘူး၊ ဒီအတိုင်း လွှတ်ထားလို့လဲ မရဘူးလေ၊ ဒါကြောင့် ရှင်းပစ်လိုက်တာ အကောင်းဆုံးပဲ မဟုတ်လား'

ကျန်းဟိုက....

'ဒါဖြင့် ဒီကိစ္စမှာ ကျုပ် ပါဝင်ပတ်သက်ခဲ့တယ် ဆိုတဲ့အကြောင်းဟာ ခင်ဗျားအပေါ်မှာ မူတည်နေတာပဲ'

'ကျုပ်က ခေါင်းဆောင်ကြီးကို လိမ်ဝံ့မှာ မဟုတ်ဘူး'

'ခင်ဗျား ကြည့်ကောင်းအောင်ပြောလို့ရတာပဲ'

ရှဲဝမ် သက်ပြင်းချလိုက်သည်။

'ကောင်းပြီ၊ ကျုပ်က ခေါင်းဆောင်ကြီးကို မယုတ်မလွန် ပြောထားလိုက်မယ်၊ ခင်ဗျားအကြောင်းကို ထည့်မပြောဘဲ နေလို့တော့ရမှာ မဟုတ်ဘူးနော်'

ကျန်းဟိုက....

'ခင်ဗျား သဘောပဲ'

ရှဲဝမ်က...

'ကျုပ်က တစ်ခုတော့ တောင်းဆိုချင်တယ်'

'ပြောပါ'



'ကျုပ်တို့နှစ်ယောက် ဘယ်လိုပြဿနာမျိုးပဲ ရင်ဆိုင်ရပါစေ၊ တစ်ယောက်ကိုတစ်ယောက် အသက်ချမ်းသာပေးရမယ်လို့ ကတိပြုကြမယ်'

ကျန်းဟို တွေဝေသွားသည်။

အတော်ကလေးကြာအောင် စဉ်းစားပြီးမှ....

'ကောင်းပြီ....ကျုပ်သဘောတူတယ်'

ဟု ပြောလိုက်လေသည်။

ရှဲဝမ် ဝမ်းသာသွားသည်။

'ကျုပ်က ခင်ဗျားနဲ့ ရန်သူအဖြစ်ကို ဘယ်တော့မှမရောက်စေချင်ပါဘူးဗျာ၊ ကဲ....ကျုပ်ကို သွားခွင့်ပြုပါဦး'

'ကောင်းပါပြီဗျာ'

ကျန်းဟိုနှင့် ရှဲဝမ်တို့ လမ်းခွဲလိုက်ကြလေသည်။

သို့သော်....

သူတို့နှစ်ယောက်သည် များမကြာမီ ပြန်လည်၍ ပတ်သက်မိကြလိမ့်မည်ဟု ထိုစဉ်က နှစ်ယောက်စလုံးမသိခဲ့ကြပါချေ။

* * *

## ကံဆိုးမိုးမှောင်

---

'ခွပ်....ခွပ်....ခွပ်....ခွပ်'

မြင်းခွာသံများကျယ်လောင်စွာ ထွက်ပေါ်နေလေသည်။

တောလမ်းအတွင်း မြင်လှည်းနှစ်စီး ခရီးနှင်နေလေသည်။

ထိုမြင်းလှည်းနှစ်စီး၏နံဘေး၌ ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားကြသော မြင်းစီးသမားငါးယောက်က ခြံရံကာ လိုက်ပါလာကြလေသည်။

မြင်းလှည်းနှစ်စီးစလုံးသည် အဖိုးတန်သော အကောင်းစား ဗီရိုမြင်းလှည်းများဖြစ်ကြလေသည်။



ရှေ့ဆုံးမှမြင်းလှည်းတွင် အထည်အလိပ် လုပ်ငန်းဖြင့် တိုင်းပြည်နှင့်အဝှမ်း ကျော်ကြားနေသော သူဌေးမကြီးမေဝါးတို့ ဇနီးမောင်နှံ လိုက်ပါလာကြလေသည်။

မေဝါးသည် သားဖြစ်သူ၏ မင်္ဂလာကိစ္စအတွက် လုယန်းမြို့သို့ သွားရောက်ခဲ့ခြင်းဖြစ်လေသည်။

လုယန်းမြို့တွင် ထင်ရှားသော ရွှေနဂါးဂိုဏ်းတည်ရှိလေသည်။

ရွှေနဂါးဂိုဏ်းချုပ်၏ဇနီးနှင့် မေဝါးတို့မှာ အလွန်ရင်းနှီးသော ငယ်သူငယ်ချင်းများဖြစ်ကြလေသည်။

လူကြီးချင်း ရင်းနှီးကြသည့်အလျောက် လူငယ်ချင်း နီးစပ်ရန် ကြံဆောင်ခဲ့ကြလေသည်။

မေဝါးကိုယ်တိုင် ရွှေနဂါးဂိုဏ်းသို့ သွားကာ သားရေးသမီးရေး ဆွေးနွေးခဲ့ခြင်းဖြစ်လေသည်။

ရွှေနဂါးဂိုဏ်းချုပ်တို့ဇနီးမောင်နှံသည် သူတို့၏သမီးနှင့် ယိုလင်းကို သဘောမတူစရာအကြောင်း မရှိခဲ့ပါချေ။

မိခင်၏စေခိုင်းမှုကြောင့် ယခင်ကတည်းက ယိုလင်းသည် ရွှေနဂါးဂိုဏ်း၌ ဝင်ထွက်သွားလာမှု ရှိခဲ့လေသည်။

ယိုလင်းနှင့် ရွှေနဂါးဂိုဏ်းချုပ်၏သမီး ဆွေရှမ်းတို့ ရင်းရင်းနှီးနှီးရှိကြလေသည်။

ယိုလင်းက ဆွေရှမ်းအား လက်တင်ယူဖို့ စိတ်မပါသော်လည်း ဆွေရှမ်းကမူ ယိုလင်းအပေါ် တိတ်တခိုး မေတ္တာသက်ဝင်နေမိလေသည်။

ယခု....

ဘုရှေးမကြီးမေဝါးတို့ ဇနီးမောင်နှံ လုယန်းမြို့မှ အပြန်ခရီးတွင် ဆွေရှမ်းလည်း အလည်အပတ် လိုက်လာခဲ့ခြင်းဖြစ်ပေတော့သည်။

သူတို့လူစု တောလမ်းခရီးမှ ဖြတ်သန်းလာခဲ့ကြရာ တစ်နေရာသို့အရောက်တွင်....

'ဝှစ်....ဝှစ်....ဝှစ်'

စူးရှသောလေတိုးသံများ ထွက်ပေါ်လာလေသည်။

တောအုပ်ထဲမှ လက်နက်ပုန်းများ တရစပ် ပစ်လွှင့်လာသည်ကို တွေ့လိုက်ရလေသည်။

ဒုတိယ မြင်းလှည်းပေါ်၌ သခင်မလေးဆွေရှမ်း လိုက်ပါလာပြီး ရွှေနဂါးဂိုဏ်းမှ လက်ရွေးစင်သိုင်းသမားများက ခြံရံစောင့်ရှောက်ကာ လိုက်လာကြခြင်းဖြစ်လေသည်။

သူတို့သည် သိုင်းသမားများဖြစ်ကြသည့် အားလျော်စွာ တင်စိုက်တစ်ယောက်က လက်နက်ပုန်းဖြင့် တိုက်ခိုက်လာပြီဖြစ်ကြောင်းရိပ်မိလိုက်ကြလေသည်။

ထို့ကြောင့်....



'သတိထား'

ကိုယ်ရံတော်ခေါင်းဆောင်က အော်ပြောလိုက်သည်။

ထို့နောက် လက်ဝါးနှစ်ဖက်ကို ဝှေ့ယမ်းကာ အဆက်မပြတ် ရိုက်ထုတ်လိုက်လေသည်။

'ဝှီး....ဝှီး....ဝှီး'

လေတိုးသံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

လက်ဝါးရိုက်ချက်ကြောင့် လေပွေလှိုင်းများ ဖြစ်ပေါ်လာပြီး ပစ်လွှင့်လာသော လက်နက်ပုန်းလေးများမှာ မြေပေါ်သို့ အသီးသီးပြုတ်ကျသွားလေတော့သည်။

သို့သော်....

အချို့သော လက်နက်ပုန်းများသည် မြင်းလှည်းသမားများနှင့် သိုင်းသမားအချို့အား ထိမှန်သွားလေသည်။

'အား'

'အမယ်လေး'

'သေပါပြီဗျ'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

မြင်းလှည်းသမားနှစ်ယောက်နှင့် သိုင်းသမားနှစ်ယောက်မှာ မြေပေါ်ပြုတ်ကျသွားပြီး အသက်ပျောက်သွားကြလေတော့သည်။

'ထောက်'

ရွှေနဂါးဂိုဏ်းမှ ကိုယ်ရံတော်ခေါင်းဆောင် မခကျမနပ် ဖြစ်သွားလေသည်။

'ဟေ့....သတ္တိရှိရင် ထွက်ခဲ့ကြစမ်း'

ဟု အော်ပြောလိုက်လေသည်။

ဤတွင်....

'တိုက်ကြဟေ့'

ခြသံဒပေးသံများ ဟိုမှသည်မှထွက်ပေါ်လာပြီး လက်နက်ကိုယ်စီ ဆွဲကိုင်ထားကြသူများ သစ်ပင်များကြားမှ တစ်ဟုန်ထိုးပြေးထွက်လာကြကာ တိုက်ခိုက်လာကြလေတော့သည်။

ကိုယ်ရံတော်ခေါင်းဆောင် ဦးဆောင်သော သိုင်းသမားများကလည်း လက်နက်ကိုယ်စီဆွဲကိုင်ကာ တိုက်ခိုက်လိုက်ကြလေသည်။

တောလမ်းပေါ်တွင် ပြင်းထန်သော တိုက်ပွဲဖြစ်ပေါ်လာလေသည်။

'ဝုန်း'



'အား'

'အမယ်လေး'

'သေပါပြီဗျ'

စူးရှသော အော်ဟစ်သံများ ဟိုမှသည်မှ ထွက်ပေါ်လာသည်။

တိုက်ပွဲအခြေအနေ ရှုပ်ထွေးသွားသည်။

လက်နက်ချင်း ပြင်းထန်စွာထိတွေ့မိသောအသံများ၊ နာကျင်အော်ဟစ်လိုက်သောအသံများ၊ ကြောက်မက်ဖွယ် အသံများ၊ မြေပေါ် လဲကျသွားသံများ ကျက်ကျက်ညံနေပေတော့သည်။

မေဝါးတို့ဇနီးမောင်နှံသည် မမျှော်လင့်ဘဲ တိုက်ပွဲနှင့်ကြုံတွေ့လိုက်ရသောအခါ ထိတ်လန့်သွားကြလေတော့သည်။ မြင်းလှည်းပေါ်မှဆင်းကာ ထွက်ပြေးရန် ကြိုးစားကြလေသည်။

ထိုစဉ်....

'ဘယ်ပြေးမလဲ'

အော်ငေါက်သံနှင့်အတူ လူဆိုးတစ်ယောက် ခုန်ဝင်လာပြီး တိုက်ခိုက်လိုက်ရာ....

'အား'

ယိလင်း၏ဖခင်မှာ လူဆိုးလက်ချက်မိကာ လဲကျသေဆုံးသွားလေတော့သည်။

'အစ်ကို'

မေဝါး အထိတ်တလန့် ဖြစ်သွားသည်။

ခင်ပွန်းသည်ကို ပြေး၍ဖေးမလိုက်၏။

ထိုစဉ်…

'သေစမ်း'

လူဆိုးတစ်ယောက်သည် အနီးသို့ရောက်ရှိလာပြီး ဓားဖြင့်ခုတ်ချလိုက်လေသည်။

ဝင်းလက်တောက်ပသော ဓားရောင်များ ထွက်ပေါ်လာသည်။

မေဝါး ကြောက်လန့်တကြား ရှောင်တိမ်းရန် ဟန်ပြင်လိုက်သော်လည်း နောက်ကျသွားပြီဖြစ်သည်။

ဓားခုတ်ချက်သည် သူမ၏ခန္ဓာကိုယ်ပေါ်သို့ ကျရောက်လာလေတော့သည်။

'ဒုတ်'

'အား'

မေဝါး ငယ်သံပါအောင် အော်လိုက်သည်။



ထို့နောက်…

မေဝါးသည် ခင်ပွန်းသည်အနီးတွင် ပုံလျက်သား လဲကျသွားကာ အသက်ပျောက်သွားလေတော့သည်။

'ဟင်'

ထိုမြင်ကွင်းကိုမြင်လျှင် သခင်မလေး ဆွေ့ရှမ်း ထိတ်လန့်သွားသည်။

'ဒုက္ခပါပဲ'

သူမသည် ညည်းတွားကာ မေဝါးတို့အနီးသို့ ပြေးသွားပြီး စစ်ဆေးကြည့်လိုက်၏။

မေဝါးတို့ ဇနီးမောင်နှံသည် လူဆိုးများလက်ချက်ကြောင့် သေဆုံးသွားကြပြီဖြစ်ကြောင်း တွေ့ရသောအခါ ကမ္ဘာကယာ နောက်ဆုတ်လိုက်လေသည်။

သူတို့၏မင်္ဂလာကိစ္စသည် မမျှော်လင့်ဘဲ အမင်္ဂလာကိစ္စအဖြစ် ပြောင်းလဲသွားပြီ ဖြစ်လေသည်။

ထိုစဉ်….

'ယား'

လူတစ်ယောက်က ဆွေ့ရှမ်းထံသို့ ခုန်ဝင်တိုက်ခိုက်လာလေသည်။

'ရပ်လိုက်'

ရွှေနဂါးဂိုဏ်းမှ ကိုယ်ရံတော်သိုင်းသမားတစ်ယောက်က ကြားဝင်လာပြီး ဟန့်တားတိုက်ခိုက်လိုက်လေသည်။

နှင်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြလျှင်....

'ဝုန်း'

'ဒိုး'

စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာလေသည်။

ရန်သူ၏လက်ချက်ကြောင့် ရွှေနဂါးဂိုဏ်းမှ ကိုယ်ရံတော်သိုင်းသမား အရေးနိမ့်ကာ မြေပေါ် လဲကျသွားလေတော့သည်။

ဆွေရှမ်းလည်း ငေးငိုင်မနေနိုင်အားတော့ဘဲ ဓားတစ်လက်ဆွဲကာ ထိုလူနှင့် ရင်ဆိုင်လိုက်ရလေသည်။

'ခြွမ်း....ခြွမ်း....ခြွမ်း'

ဓားဓားချင်း ပြင်းထန်စွာ ထိတွေ့မိသောအသံများ ထွက်ပေါ်လာလေသည်။

ဆွေရှမ်း၏ ပြင်းထန်သောတိုက်ကွက်ကြောင့် ထိုလူက ကပျာကယာ နောက်ဆုတ်လိုက်ရလေသည်။

ဆွေရှမ်းက အံကိုတင်းတင်းကြိတ်ကာ....



'သေပေတော့'

'အော်ငေါက်ရင်း တရကြမ်း ဖိ၍တိုက်ခိုက်လိုက်လေသည်။

ထိုလူကလည်း အပြင်းအထန် ခုခံနေသည့်ကြားမှ မယှဉ်နိုင်ဘဲ နောက်ဆုတ်သွားရလေသည်။

ထိုလူသည် သစ်ပင်တစ်ပင်နှင့် ကျောကပ်မိသွားပြီး နောက်ဆုတ်၍ မရတော့ချေ။

ဆွေရှမ်းက ထိုလူ၏ရင်ဝကို ဓားဖြင့်ထောက်ထားလိုက်ပြီး....

'ရှင်ဘယ်သူလဲ၊ ဘာကြောင့် ခုလိုတိုက်ခိုက်ရတာလဲ၊ ပြောစမ်း'

ဟု ငေါက်လိုက်လေသည်။

အမှန်တော့....

ဆွေရှမ်းတို့အား လုယက်တိုက်ခိုက်ရန် ကြိုးစားခဲ့ကြသူများမှာ သွေးစကြာဂိုဏ်းသားများ ဖြစ်ကြလေသည်။

သူတို့သည် လုံတ အကြံပေးခဲ့သည့်အတိုင်း အကောင်အထည်ဖော်လိုက်ခြင်း ဖြစ်လေသည်။

ဆွေရှမ်းက ဖမ်းမိထားသူမှာ ရှဲဝမ်ဖြစ်လေသည်။

ရှဲဝမ် ထိတ်လန့်နေသည်။

ဆွေရှမ်းက အောင်ငေါက် မေးမြန်းလာသောအခါ...

'ကျုပ်....ကျုပ်ဟာ မင်းအသက်ငါ့ပေးကျန်းဟိုခိုင်းလို့ လုပ်ရတာပါ၊ သူခိုင်းတာမလုပ်ရင် အသတ်ခံရမှာမို့ သူ့ကို ကြောက်လို့ မလုပ်ချင်ဘဲလုပ်ရတာပါဗျာ'

ကျန်းဟို၏ခေါင်းပေါ်သို့ အပြစ်ပုံချကာ လိမ်ညာပြောဆိုလိုက်လေသည်။

ဆွေရှမ်းမျက်မှောင်ကုတ်သွားပြီး....

'ကောင်းပြီ၊ သူက ဘယ်မှာလဲ'

ဟု မေးလိုက်သည်။

'ဟိုမှာ'

ရှဲဝမ်က အနောက်ဘက် တစ်နေရာသို့ညွှန်ပြကာ ပြောလိုက်သည်။

ဆွေရှမ်းက သတိလက်လွတ်ဖြစ်ကာ လှည့်ကြည့်လိုက်၏။

ထိုအခါ....

'ယား'

ရှဲဝမ်သည် ငြာသံပေးကာခြေထောက်ဖြင့် ကန်ကျောက်လိုက်လေသည်။



သူက အလစ်အငိုက်ဖမ်းကာ တိုက်ခိုက်လိုက်သည်ဖြစ်ရာ ဆွေရှမ်း ရင်ထိတ်သွားပြီး ကပျာကယာ ရှောင်တိမ်းလိုက်လေသည်။

ရှဲဝမ်သည် ရလာသည့်အခွင့်အရေးကို လက်လွှတ်မခံဘဲ နောက်လှည့်ထွက်ပြေးသွားလေတော့သည်။

'မပြေးနဲ့'

ဆွေရှမ်းက လိုက်လံတိုက်ခိုက်ရန် ဟန်ပြင်လိုက်စဉ်....

'ယား'

လူဆိုးများပြေးဝင်တိုက်ခိုက်လာကြသဖြင့် ဘာမှမတတ်နိုင်တော့ဘဲ ပြန်လည် တိုက်ခိုက်လိုက်ရလေသည်။

ပြင်းထန်သောတိုက်ပွဲ ဖြစ်ပေါ်လာသည်။

'ဝုန်း'

'အား'

'အမယ်လေး'

'သေပါပြီဗျ'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

ခေးပြမျာ ဖရိုဖရဲဖြစ်သွားကြသလို ဆွေရှမ်းသည်လည်း ဒဏ်ရာ အနည်းငယ် ရသွားလေသည်။

လူဆိုးများကား လျှော့နည်းမသွားသည့်အပြင် တိုး၍တိုး၍လာလေသည်။

ထိုစဉ်....

'တစ်ယောက်မှ အရှင်မထားနဲ့'

မိုးခြိမ်းသံပမာ ကျယ်လောင်သော အော်ဟစ်သံကြီး ထွက်ပေါ်လာသည်။

လူ့ဘီလူးကြီးတစ်ယောက် ထွက်ပေါ်လာသည်ကို တွေ့ရ၏။

ထိုလူမှာ သွေးစကြာဂိုဏ်းခေါင်းဆောင် သွေးဘီလူး ဖြစ်သည်။

သွေးဘီလူးသည် မိန်းမချောလေး ချင်းယင်၏ ခင်ပွန်းသည်ဖြစ်သော ကုန်သည်လုဝေးအား သတ်ပစ်ခဲ့သူလည်း ဖြစ်လေသည်။

သွေးဘီလူးရောက်လာသည်နှင့် ကိုယ်ရံတော်သိုင်းသမားများက စိုင်းရံ တိုက်ခိုက်လိုက်ကြလေသည်။

'ဟား....ဟား....ဟား'

သွေးဘီလူးက ဟားတိုက်ရယ်မောလိုက်လေသည်။

ထို့နောက် လက်နှစ်ဖက်ကိုဝှေ့ယမ်းကာ ဆီးကြို တိုက်ခိုက်လိုက်လေသည်။



သူတို့ ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြသည်နှင့်....

'ဝုန်း'

'အား'

'အမယ်လေး'

စူးရှသော အော်ဟစ်သံများ တစ်ခဲနက်ထွက်ပေါ်လာသည်။

ကိုယ်ရံတော် သိုင်းသမားများ တစ်ယောက်ပြီး တစ်ယောက် လဲကျသွားကြလေသည်။

'ဟား... ဟား....ဟား'

သွေးဘီလူးက ဟားတိုက်ရယ်မောလိုက်လေသည်။

'ဟင်'

ဆွေ့ရှမ်း ထိတ်လန့်သွားလေသည်။

သွေးဘီလူးသည် ဆွေ့ရှမ်းကိုမျက်လုံးပြူး၍ကြည့်ရင်း....

'မိန်းမချောလေးပါလား၊ စားရကံကြုံပွဲ မုတ်ဆိတ်ပျားစွဲတာပဲ'

ဟု ပြောရင်း ချဉ်းကပ်လာလေသည်။

ဆွေ့ရှမ်းက....

'သေဖို့သာပြင်ထား'

ဟု ကြုံးဝါးကာ ခါးဝှေ့ယမ်းပြီး တိုက်ခိုက်လိုက်လေသည်။

'ဟား....ဟား....ဟား....မင်းဘာတတ်နိုင်မှာလဲ'

သွေးဘီလူးသည် လက်ဝှေ့ယမ်းကာ ဆွေရှမ်း၏ခါးကို လုယူလိုက်၏။

ဆွေရှမ်း၏ လက်တစ်ဖက်ကို ဆောင့်ဆွဲလိုက်ရာ....

'အင့်'

ဆွေရှမ်းသည် သွေးဘီလူး၏ ရင်ခွင်ထဲသို့ ရောက်ရှိသွား၏။

သွေးဘီလူးက....

'မင်းဟာ ငါ့အတွက်ပဲ'

ဟု ပြောကာ ဆွေရှမ်းကိုပွေ့ချီကာ ခေါ်ဆောင်သွားလေသည်။

'လွှတ်စမ်း....တိရစ္ဆာန်ကြီးလွှတ်'

ဆွေရှမ်းက အော်ဟစ် ရုန်းကန်ပါသော်လည်း မလွတ်မြောက်နိုင်ပါတော့ချေ။

သွေးဘီလူးခေါ်ဆောင်ရာနောက်သို့ ပါသွားလေတော့သည်။



ကိုယ်ရံတော်သိုင်းသမားများသည်လည်း....

'အား'

'အမယ်လေး'

'သေပါပြီဗျ'

သွေးစကြာ ဂိုဏ်းသားများ၏ လက်ချက်မိကာ တစ်ယောက်ပြီး တစ်ယောက် လဲကျသေဆုံးသွားကြလေတော့သည်။

* * *

အခန်းတွင်း၌ ငိုရှိုက်သံသဲ့သဲ့ ထွက်ပေါ်နေ၏။

ဆွေရှမ်းသည် မျက်နှာကိုလက်ဝါးဖြင့်အုပ်ကာ တရှုံ့ရှုံ့ငိုကြွေးနေလေသည်။

ရွှေနဂါးဂိုဏ်းချုပ် ကျင်းလုံဆွေက အခန်းတွင်း၌ လက်နှစ်ဖက်နောက်ပစ်ကာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေ၏။

သူ၏မျက်နှာပေါ်တွင် အလွန်စိတ်ထိခိုက်သည့် အရိပ်အယောင်များ အထင်းသားပေါ်လွင်နေသည်ကို တွေ့မြင်ရမည်ဖြစ်လေသည်။

အတန်ကြာ လမ်းလျှောက်နေပြီးမှ ခြေလှမ်းရပ်ကာ သမီးဖြစ်သူဆွေရှမ်းကို ကြည့်လိုက်လေသည်။

'သမီး၊ ဒီလိုငိုနေလို့မဖြစ်ဘူး'

ဟု ပြောလိုက်လေသည်။

ဆွေရှမ်းက ခေါင်းမော့ကြည့်လာလေသည်။

'သမီး....သမီး ဘယ်လိုလုပ်ရမလဲ ဖေဖေ'

ဟု မေးလေသည်။

ကျင်းလုံဆွေက....

'သမီး....လူဆိုးတွေစိုင်းတိုက်လို့ သမီးတို့ ဒုက္ခရောက်ခဲ့ရတာကို လူတွေသိကုန်ကြတာ မှန်တယ်၊ ဒါပေမယ့် သမီးရဲ့ ကိစ္စကို ဘယ်သူမှ သိကြသေးတာ မဟုတ်ဘူး'

အမှန်တော့....

ဆွေရှမ်းသည် သွေးဘီလူး၏ ဖျက်ဆီးမှုကို ခံခဲ့ရပြီဖြစ်သည်။

သွေးဘီလူးက သူမအား အသက်ရှင်လျက် ပြန်လွှတ်ပေးလိုက်သည်ကပင် ကံကောင်းသည်ဟု ဆိုရမည်ဖြစ်လေသည်။



ကျင်းလုံဆွေက ဆက်ပြောလေသည်။

'သမီး သွေးစကြာဂိုဏ်းကို ဖေဖေက ပြတ်ပြတ်သားသား ဖြိုခွဲနှိမ်နင်းပစ်မယ်၊ သမီးရဲ့ကိစ္စကိုလဲ အကောင်းဆုံးဖြစ်အောင် ဖေဖေ စီစဉ်ပေးမယ်'

ဆွေရှမ်းက....

'ဖေဖေ....သမီး ဘယ်လိုလုပ်ရမှာလဲဟင်'

ကျင်းလုံဆွေက....

'သမီး....မေဝါးတို့ သေဆုံးသွားကြပြီဖြစ်ပေမယ့် သူတို့ရဲ့ သား ယိလင်းက ကျန်သေးတာပဲ၊ ဒါကြောင့် သမီးတို့ မင်္ဂလာပွဲကို ဆက်ပြီး စီစဉ်ရမယ်'

ဟု ပြောလေသည်။

'ရှင်'

မမျှော်လင့်ဘဲ ကြားလိုက်ရသောစကားကြောင့် ဆွေရှမ်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ကျင်းလုံဆွေက....

'သမီးရဲ့ကိစ္စကို ဘယ်သူကမှသိကြသေးတာ မဟုတ်ဘူး၊ ယိလင်းနဲ့လက်ထပ်လိုက်တာ အကောင်းဆုံးပဲ၊ ဒါမှ ဖေဖေတို့မိသားစုရဲ့ဂိုဏ်းသိက္ခာကို ဆယ်တင်နိုင်လိမ့်မယ်'

'သမီး....သမီးကို သူက လက်ခံနိုင်ပါ့မလားဖေဖေ'

ဆွေရှမ်းက မဝံ့မရဲမေးလေသည်။

ကျင်းလုံဆွေက မျက်နှာထားတင်းတင်းဖြင့်....

'သမီး ဒီကိစ္စကို ဖြစ်မြောက်အောင် ဆောင်ရွက်ရလိမ့်မယ်၊ ယိုလင်း လက်မခံလို့မရဘူး၊ သူ့ရဲ့မိဘတွေက စီစဉ်ခဲ့တာပဲ မဟုတ်လား'

ဆွေရှမ်းက....

'ဖေဖေရယ်.... သူလက်ခံရင် အကြောင်းမဟုတ်ဘူး၊ သူက....'

သူမ၏စကားမဆုံးမီ ကျင်းလုံဆွေက ကြားဖြတ်ပြောလိုက်လေသည်။

'သမီးသာ ဣန္ဒြေမပျက်စေနဲ့၊ ဖေဖေအားလုံး တာဝန်ယူပြီး စီစဉ်မယ်'

'ဖေဖေ....သွေးစကြာဂိုဏ်းက....'

'စိတ်ချ၊ သူတို့ကို ဖေဖေ ချမ်းသာမပေးပါဘူး၊ တစ်ယောက်မကျန် သုတ်သင်ပစ်မယ်'

ကျင်းလုံဆွေက ဒေါသတကြီး ကြုံးဝါးလိုက်သည်။

သူသည် သွေးစကြာဂိုဏ်းအားပြတ်ပြတ်သားသားအရေးယူရန် ဆုံးဖြတ်ထားပြီးပြီ ဖြစ်လေသည်။



ဆွေရှမ်း၏ကိစ္စနှင့်ပတ်သက်၍လည်းပြတ်သားစွာဆုံးဖြတ်ထားပြီးပြီ ဖြစ်လေသည်။

ကျင်းလုံဆွေက....

'မင်းအသက်ငါ့ပေးကျန်းဟိုကို ဖေဖေကိုယ်တိုင် ဆုံးမမယ်'

ဟု ကြုံးဝါးလိုက်သည်။

ရှဲဝမ်၏ချောက်တွန်းမှုကြောင့် ကျင်းလုံဆွေသည်ကျန်းဟိုအပေါ်တွင် အထင်မှားနေပြီ ဖြစ်လေသည်။

သိုင်းလောက၌ လျှမ်းလျှမ်းတောက် ကျော်ကြားနေသော ရွှေနဂါးဂိုဏ်း၏ရန်ငြိုးကို ခံလိုက်ရသော ကျန်းဟိုအတွက်ကား ကံဆိုးမိုးမှောင်ကျခြင်းဟုဆိုရမည်ဖြစ်ပေတော့သည်။

*　　*　　*

## စေတနာ၏အကျိုး

---

နေမွန်းတည့်တော့မည် ဖြစ်လေသည်။

ပူပြင်းသော နေရောင်ခြည်ကြောင့် လမ်းပေါ်တွင် လူသွားလူလာ ရှင်းနေပါသည်။

ကျန်းဟိုသည် တစ်ခုသော စားသောက်ဆိုင် အတွင်း၌ ရောက်ရှိနေပြီး ပြတင်းပေါက်နှင့် ကပ်လျက်ရှိသော စားပွဲတစ်လုံး၌ထိုင်ကာ စားသောက်နေလေသည်။

သူက နဂါးမြစ်ညီနောင် သုံးဖော်အား သုတ်သင်ရှင်းလင်းလိုက်ရပြီဖြစ်၍ ကျေနပ်နေသည်။

ယခုလောလောဆယ်တွင် မည်သို့သော အလုပ်ကိစ္စမှမရှိသဖြင့် အားလပ်နေသည်ဟု ဆိုရမည်ဖြစ်လေသည်။



သူ၏အလုပ်သည် ကြေးစားလူသတ်သမားအလုပ် မဟုတ်ပါလား။

သူ့အား အလုပ်မှအပ်သေးသမျှ သူကအားလပ်နေခြင်း ဖြစ်လေသည်။

ကျန်းဟိုသည် ဤမြို့လေးသို့ ရောက်လာသည်မှာ မကြာသေးပါ။

ယနေ့နံနက်ပိုင်းကမှ ရောက်လာခြင်း ဖြစ်သည်။

ဤမြို့လေးနှင့်မနီးမဝေးတွင် သွေးစကြာဂိုဏ်းမှ လုယက်တိုက်ခိုက်မှုကျူးလွန်ရန် စီစဉ်ထားမှန်း သူသိထား၏။

သို့သော်....

သူက ခါးပြတစ်ယောက် မဟုတ်ပါ။

လုယက်တိုက်ခိုက်ခြင်းကို စိတ်မဝင်စားပါ။

ထို့ကြောင့် သွေးစကြာဂိုဏ်း၏လုပ်ရပ်ကို လျစ်လျူရှုထားလိုက်လေသည်။

ရှဲဝမ်က သူ၏အမည်ကို အလွဲသုံးစားလုပ်ခဲ့သည်ကို လုံးဝမသိသေးပါချေ။

ကျန်းဟို အေးအေးဆေးဆေး စားသောက်နေစဉ်မှာပင်....

'မြန်မြန်လာဟေ့'

အော်ပြောသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျန်းဟို ရင်ထိတ်သွားပြီး လှမ်းကြည့်လိုက်လေသည်။

ထိုအခါ....

အဝါရောင်ဝတ်ဆင်ကာ လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြသူများ တစ်ဟုန်ထိုး ပြေးလွှားလာနေကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ကျန်းဟိုရင်ထိတ်သွားလေသည်။

'ဘယ်သူတွေပါလိမ့်'

သူ တွေးတောနေစဉ်မှာပင် အဝါရောင်ဝတ်ဆင်ထားကြသူများသည် အဆောက်အအုံတစ်ခုအား ဝိုင်းရံထားလိုက်ကြသည်ကို တွေ့လိုက်ရလေသည်။

ထိုလူများ ဝိုင်းရံထားလိုက်ကြသော အဆောက်အအုံမှာ တည်းခိုခန်းတစ်ခုဖြစ်လေသည်။

ကျန်းဟို အံ့ဩသွားသည်။

ပြဿနာတစ်စုံတစ်ခု ပေါ်ပေါက်လာတော့မည် မဟုတ်ပါလား။



သူက မသိမသာ အကဲခတ်ကြည့်နေစဉ်မှာပင်....

'တစ်ယောက်မှ မလွတ်စေနဲ့'

အဝါရောင်ဝတ်ထားသူတစ်ယောက်က အော်ပြောလိုက်
ပြီး ဓားဆွဲထုတ်ကာ တည်းခိုခန်းထဲသို့ ပြေးဝင်သွားသည်
ကို တွေ့လိုက်ရလေသည်။

သိပ်မကြာပါချေ။

'ဝုန်း'

'အား'

'အမယ်လေး'

'သေပါပြီဗျ'

စူးရှသောအော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာသည်ကို ကြားရလေသည်။

တည်းခိုခန်းအတွင်း၌ ပြင်းထန်သောတိုက်ပွဲ ဖြစ်ပွားလာကြောင်း ထင်ရှားလေသည်။

ကျန်းဟို အကဲခတ် ကြည့်နေစဉ်မှာပင် တည်းခိုခန်း၏ အပေါ်ထပ်ဝရန်တာမှလည်းကောင်း၊ ပြတင်းပေါက်များမှလည်းကောင်း ခုန်ထွက်ကာ ကိုယ်လွတ်ရုန်းထွက်ပြေးသူများ ထွက်ပေါ်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

အဝါရောင်ဝတ်ထားကြသူများကလည်း အလွတ်မပေးဘဲ လိုက်လံတိုက်ခိုက်ကြလေသည်။

တည်းခိုခန်းအတွင်း၌လည်းကောင်း၊ လမ်းပေါ်၌လည်းကောင်း ပြင်းထန်သောတိုက်ပွဲ ဖြစ်ပေါ်လာလေသည်။

အဝါရောင်ဝတ်ထားကြသူများသည် အင်အားကောင်းသည့်အပြင် စည်းကမ်းစနစ်တကျရှိကြလေသည်။

ရန်သူကို အဘက်ဘက်မှ ပိတ်ဆို့တိုက်ခိုက်ကြလေသည်။

တိုက်ပွဲမှာ ကြောက်မက်ဖွယ် ကောင်းအောင် ပြင်းထန်နေပါတော့သည်။

ကျန်းဟိုက သက်ပြင်းချလိုက်၏။

မနေအပ်သောနေရာတစ်ခုတွင် ရောက်ရှိနေမိဖြစ်ကြောင်း ဆင်ခြင်မိလိုက်သည်။

ထို့ကြောင့် ရှောင်ထွက်သွားရန်ဆုံးဖြတ်ကာ ထိုနေရာမှ ထလိုက်လေသည်။

ထိုစဉ်....

'သွေးစကြာဂိုဏ်းတဲ့ဟေ့'

ကြုံးဝါးသံနှင့်အတူ တည်းခိုခန်းထဲမှ လူတစ်ယောက် ခုန်ထွက်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူမှာ ရှဲဝမ်ဖြစ်နေ၏။



ကျန်းဟိုသည် ရှဲဝမ်ကိုမြင်လျှင် ရင်ထိတ်သွားလေသည်။

'ရှဲဝမ်တော့ ငရဲရောက်တော့မှာပဲ'

ရှဲဝမ်အတွက် စိုးရိမ်မကင်း ဖြစ်သွားလေသည်။

အဝါရောင် ဝတ်ဆင်ထားသူများ (ဝါ) ရွှေနဂါးဂိုဏ်းသားများသည် ရှဲဝမ်အား ဝိုင်းရံတိုက်ခိုက်လိုက်ကြလေသည်။

လမ်းပေါ်၌ ရင်ဆိုင်တိုက်ခိုက်မိကြပြီး....

'ဝုန်း'

'အား'

'အမယ်လေး'

'သေပါပြီဗျ'

စူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာကာ ရွှေနဂါးဂိုဏ်းသားများ တစ်ယောက်ပြီး တစ်ယောက် လဲကျသွားကြလေသည်။

ထို့အတူ....

'အား'

ရှဲဝမ်သည်လည်း ဒဏ်ရာများရကာ မြေပေါ်လဲကျသွားလေသည်။

'ဟင်'

ကျန်းဟို လွတ်ခနဲ ရေရွတ်မိလိုက်သည်။

ရှဲဝမ်သည် ရွှေနဂါးဂိုဏ်းသားများ၏လက်ချက်ဖြင့် သေဆုံးသွားရတော့မည်ဖြစ်လေသည်။

ကျန်းဟို သက်ပြင်းချလိုက်လေသည်။

ရှဲဝမ် သေဆုံးသွားသည်ကို မကြည့်လိုသဖြင့် မျက်နှာလွှဲထားလိုက်လေသည်။

ထိုစဉ်....

'ယား'

ရှဲဝမ်သည် မြေပေါ်မှခုန်ထကာ ရွှေနဂါးဂိုဏ်းသားများအား တိုက်ခိုက်လိုက်လေသည်။

ထို့နောက်....

ကျန်းဟိုရှိနေသော စားသောက်ဆိုင်ဆီသို့ တစ်ဟုန်ထိုး ပြေးလွှားလာလေသည်။



ရှဲဝမ်သည် စားသောက်ဆိုင်ထဲ၌ ကျန်းဟိုရှိနေကြောင်း မသိပါချေ။

လမ်းပေါ်တွင် ရွှေနဂါးဂိုဏ်းသားများ ပြည့်နှက်နေသည်ဖြစ်၍ လွတ်လိုလွတ်ငြား စားသောက်ဆိုင်ဆီသို့ ဦးတည်ကာ ပြေးလွှားလာခြင်းဖြစ်လေသည်။

'အမယ်လေး'

သွေးခြင်းခြင်းနီရဲနေသော ရှဲဝမ်က ဆိုင်ထဲရောက်ရှိလာသဖြင့် စားသောက်နေကြသူများ အထိတ်တလန့် ဖြစ်သွားကြလေသည်။

အချို့ကား ထွက်ပြေးရန် ကြိုးစားကြလေသည်။

'မလွတ်စေနဲ့'

'လိုက်ကြ'

ရွှေနဂါးဂိုဏ်းသားများကလည်း ပြသံပေးကာ ပြေးလိုက်လာကြလေသည်။

ရှဲဝမ်သည် ဆိုင်ထဲရောက်လျှင် ဆိုင်အနောက်ဘက်တံခါးမှနေပြီး ရှောင်ထွက်သွားရန် စိတ်ကူးထားလေသည်။

သို့သော်....

စားသောက်သူများ၊ ဆိုင်လုလင်များ ရှုတ်ရှက်ခတ်ခတ် ဖြစ်သွားကြလေရာ ရှဲဝမ် လွတ်လွတ်ကျွတ်ကျွတ်ပြေး၍ မရနိုင်ဘဲ ဖြစ်သွားလေသည်။

နောက်မှ လိုက်လာသော ရွှေနဂါး ဂိုဏ်းသားများသည် ချိုက်ချင်းပင် ဆိုင်ထဲသို့ ရောက်ရှိလာကြလေတော့သည်။

ရှဲဝမ်ကား ပြန်လည်ခုခံ တိုက်ခိုက်နိုင်စွမ်း မရှိတော့ပါ။

ရွှေနဂါးဂိုဏ်းသားများ၏ လက်ချက်ဖြင့် သေဆုံးသွားရတော့မည်ဖြစ်လေသည်။

ရှဲဝမ်သည် ကြောက်လန့်တကြားဖြင့် ဟိုဟို သည်သည် ကြည့်လိုက်သောအခါ မလှမ်းမကမ်း၌ ရှိနေသော ကျန်းဟို အား တွေ့မြင်လိုက်လေသည်။

ရှဲဝမ် ဝမ်းသာသွားလေသည်။

'ကျန်းဟို ကျုပ်ကို ကယ်ပါဦးဗျာ'

အားကိုးတကြီးဖြင့်ပြောကာ ပြေးလာရင်း ကျန်းဟို၏ ရှေ့တွင် ဝုန်းခနဲ လဲကျသွားလေသည်။

ကျန်းဟို သက်ပြင်းချလိုက်လေသည်။



'ကျုပ်ဟာ လူသတ်သမား တစ်ယောက်ပါ၊ လူကယ်တဲ့ လူမှ မဟုတ်တာ'

ဟု တီးတိုးရေရွတ်လိုက်သည်။

ရှဲဝမ်ကို လျစ်လျူရှုကာ ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

ရွှေနဂါးဂိုဏ်းသားများသည် ကျန်းဟိုကို တွေ့မြင်သွားကြလျှင်....

'ကျန်းဟိုက ဟိုမှာဟေ့၊ မလွတ်စေနဲ့'

ဟု အော်ပြောကာ ပြေးဝင်တိုက်ခိုက် လာကြလေတော့သည်။

ကျန်းဟို ရင်ထိတ်သွားလေသည်။

'ဟေ့လူ၊ ဒါက ဘာသဘောလဲ'

သူက အော်ပြောနေစဉ် ရွှေနဂါးဂိုဏ်းသားများက တရကြမ်း တိုက်ခိုက်လာကြပြီ ဖြစ်လေသည်။

ကျန်းဟို မနေနိုင်တော့ပါချေ။

ရှဲဝမ်၏ လက်မောင်းကိုဆွဲယူပြီး ပြတင်းပေါက်မှဘစ်ဆင့် အပြင်ဘက်သို့ ခုန်ထွက်လိုက်လေသည်။

ထို့နောက် လမ်းကြားတစ်ခုအတွင်းသို့ ပြေးဝင်သွား၏။

'မပြေးနဲ့၊ ရပ်လိုက်'

'မလွတ်စေနဲ့၊ လိုက်ကြဟေ့'

ရှေနဂါးဂိုဏ်းသားများသည် ငြသံပေး၍ တင်ဟုန်ထိုး လိုက်လာကြလေသည်။

သို့သော်....

ကျန်းဟိုသည် ကံကောင်းထောက်မပြီး လွတ်မြောက်သွားခဲ့လေသော့သည်။

* * *



ရှဲဝမ်၏ တစ်ကိုယ်လုံး သွေးခြင်းခြင်းနီရဲနေသည်။

ဒဏ်ရာပြင်းထန်စွာရထားပြီး ဖြစ်ရကား အသက်ကိုပင် ခဲယဉ်းစွာ ရှူရှိုက်နေရလေသည်။

ကျန်းဟိုသည် ရှဲဝမ်ကိုကြည့်ကာ ပင့်သက်ရှိုက်မိ၏။

သူတို့သည် တိုက်ရင်းခိုက်ရင်း တစ်နေ့တွင် ရန်သူ၏လက်ချက်ဖြင့် သေဆုံးသွားကြလိမ့်မည် ဖြစ်ကြောင်း နားလည်သဘောပေါက်လာလေသည်။

ရှဲဝမ်သည် သစ်ပင်တစ်ပင်ကို ကျောမှီကာ ထိုင်နေရ၏။

ကျန်းဟိုကို ကြည့်ကာ....

'ကျွန်တော် မနေရတော့ဘူး'

ဟု ပြောလာလေသည်။

ကျန်းဟိုက....

'သမားတော်ဆီကို သွားဖို့ဆိုတာ မဖြစ်နိုင်သေးဘူး၊ ရှေနဂါးဂိုဏ်းသားတွေ တစ်မြို့လုံးပြည့်နေတာပဲ၊ မင်းတို့က သွားစတာကိုး'

ရှဲဝမ်က....

'ကျုပ်တို့ခေါင်းဆောင်ကသာ ရွှေနဂါးဂိုဏ်းက သခင်မလေးကို ပြန်မလွှတ်လိုက်ဘူးဆိုရင် ခုလိုဖြစ်ရမှာ မဟုတ်ဘူး၊ ကျုပ်တို့လက်ချက်ဆိုတာ ဘယ်သူမှ သိကြမှာ မဟုတ်ဘူး၊ အားလုံးက ခင်ဗျားရဲ့လက်ချက်လို့ပဲ ထင်နေကြမှာ'

'ဘာ'

ကျန်းဟို ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ရှဲဝမ်က....

'ကျုပ် နေရတော့မှာ မဟုတ်ပါဘူး၊ ဒါကြောင့် အမှန်အတိုင်း ဝန်ခံပါ့မယ်ဗျာ၊ တောင်ပေါ် ဘုံကျောင်းပျက်မှာ ကျုပ်နဲ့ လုံတ ချိန်းတွေ့တုန်း ခင်ဗျား ရောက်လာပြီး လုံတကို သတ်သင်ပစ်လိုက်တာကြောင့် အတော့်ကို စိတ်ဆိုးသွားခဲ့မိတယ်'

'ဩော်'

'ဒါကြောင့် တကယ်တမ်း လုယက်တိုက်ခိုက်ခဲ့ကြတဲ့အခါ ခင်ဗျားရဲ့ နာမည်ကို အသုံးချခဲ့ကြတယ်၊ ရွှေနဂါးဂိုဏ်းက လူတွေဟာ သူတို့ကိုတိုက်ခိုက်ခဲ့သူဟာ ခင်ဗျားလို့ပဲ ထင်မှတ်သွားကြတယ်'

'ဟာ'



ကျန်းဟို လွှတ်ခနဲ အော်လိုက်မိလေသည်။

ဒုစရိုက်သမားများသည် တစ်ယောက်ကို တစ်ယောက် မကောင်းကြံထားကြောင်း သူက ကောင်းစွာနားလည်ထားလေသည်။

ယခုတော့....

ရွှေနဂါးဂိုဏ်းသည် ရှဲဝမ်၏ ကောက်ကျစ်မှုကို မရိပ်မိဘဲ မိမိအား ရန်သူအဖြစ် သတ်မှတ်တော့မည် ဖြစ်ကြောင်း နားလည် လိုက်လေသည်။

ရွှေနဂါးဂိုဏ်းကဲ့သို့ ထင်ရှား ကျော်ကြားသော အဖြူရောင် သိုင်းအဖွဲ့ကြီးတစ်ခုနှင့်ပြဿနာဖြစ်ရသည်မှာ ကောင်းသောကိစ္စ မဟုတ်ပါချေ။

ရှဲဝမ်က....

'ကျုပ်ဟာ သွေးစကြာဂိုဏ်းမှာ ဒုတိယ ဂိုဏ်းခေါင်းဆောင် ဖြစ်ပါတယ်၊ ခင်ဗျားကို ခုတုံးလုပ်ပြီး ကျုပ်တို့လွတ်အောင်ကြံစည်ခဲ့ပေမယ့် ခေါင်းဆောင်ကြီး သွေးဘီလူးကြောင့် ကျုပ်တို့လဲ ပါဝင်နေကြတယ်ဆိုတာကို ရွှေနဂါးဂိုဏ်းက သိသွားကြပါပြီ၊ ကျုပ်ရဲ့ အပြစ်ကို ခွင့်လွှတ်ပါဗျာ'

ကျန်းဟို သက်ပြင်းချလိုက်သည်။

'ကျုပ်ကို ဒုက္ခပေးတဲ့လူကို ကျုပ်က ဘယ်တုန်းကမှ ခွင့်မလွှတ်ခဲ့ဘူး၊ ဒါကို လူတိုင်းသိတယ်'

ဟု ပြောလိုက်သည်။

စကားဆုံးသွားသောအခါ သူ၏လက်ထဲ၌ ဓားတစ်လက် ရောက်ရှိလာလေသည်။

ကျန်းဟိုသည် မိမိအားထိလျှင် ပေါက်မည်ဟူသော မြွေတစ်ကောင်နှင့်တူသော လူစားမျိုးဖြစ်လေသည်။

ခွင့်လွှတ်ခြင်းဟူသည် သူနှင့်လုံးဝမသက်ဆိုင်သော ကိစ္စဖြစ်လေသည်။

ကျန်းဟိုသည် ရှဲဝမ်ထံသို့လှမ်းသွားရန် ဟန်ပြင်လိုက်လေသည်။

သို့သော်....

သူတိုက်ခိုက်စရာ မလိုတော့ပါချေ။

ရှဲဝမ်သည် ရရှိထားသော ဒဏ်ရာများနှင့်ပင် စကားဆုံးသည်နှင့် ခေါင်းငိုက်စိုက်ကျကာ သေဆုံးသွားပြီ မဟုတ်ပါလား။





ကျန်းဟို ခေါင်းခါယမ်းလိုက်လေသည်။

'ရွှေနဂါးဂိုဏ်းနဲ့ ဘယ်လိုဖြေရှင်းရပါ့မလဲ'

ဟု ရေရွတ်လိုက်လေသည်။

မှန်ပေသည်။

ရှဲဝမ်ကြောင့် ရွှေနဂါးဂိုဏ်းနှင့် ရင်ဆိုင်ရတော့မည် ဖြစ်လေသည်။

ကျန်းဟိုသည် တွေးရင်းဒေါသထွက်လာလေသည်။

ရှဲဝမ်၏အလောင်းကို ခြေထောက်ဖြင့် ကန်ကျောက်ပစ်လိုက်လေသည်။

ထို့နောက်....

ရှဲဝမ်၏အလောင်းကို ကျောခိုင်းကာ ထွက်သွားလေတော့သည်။

*     *     *

## အဆိုးထဲမှအကောင်း

ယိလင်း။

ယိလင်း၏ဘဝသည် မမျှော်လင့်တဲ့ ကံဆိုးမိုးမှောင် ကျခဲ့ရသည်ဟု ဆိုရမည်ဖြစ်လေသည်။

သူ၏မိဘနှစ်ပါးသည် ရွှေနဂါးဂိုဏ်းသို့ သွားရောက်ခဲ့ပြီး အပြန်လမ်းတွင် လူဆိုးဓားပြများ၏ လက်ချက်ကြောင့် သေဆုံးသွားခဲ့ကြရလေသည်။

ယိလင်း၏ အေးချမ်းသာယာသောဘဝလေး ပျက်စီးသွားခဲ့ရလေတော့သည်။



ယိလင်းသည် ရွှေနဂါးဂိုဏ်း၏အကူအညီဖြင့် မိဘနှစ်ပါး၏ ရုပ်ကလာပ်များကို သယ်ယူကာ ခိုလုံရှမ်းမြို့ပြင်သချိုင်း၌ သင်္ဂြိုဟ်ခဲ့လေသည်။

ဝမ်းနည်းသော အထိမ်းအမှတ်အဖြစ် အထည်ဆိုင်ကိုလည်း ပိတ်ထားခဲ့လေသည်။

ချင်းယင်ထံသို့လည်း မရောက်ဖြစ်တော့ပါ။

မည်သို့ဆိုစေ....

သူ၏မိဘများ ကွယ်လွန်သွားကြသဖြင့် ချင်းယင်အား လက်ထပ်ယူမည့်ကိစ္စအတွက် အနှောင့်အယှက် အတားအဆီး ကင်းမဲ့သွားလေသည်။

ယိလင်းသည် မိဘများအကြောင်း တွေးလေလေ ဝမ်းနည်းကြေကွဲရလေလေပင်။

သူ၏ဘဝသည် ပို၍အထီးကျန်သွားကာ ခြောက်သွေ့သွား၏။

ကြာရှည်လာပါက စိတ်သောကဝေဒနာကြောင့် ရူးသွပ်သွားမည်ဟုပင် ထင်ရသည်။

ယိလင်းသည် သူ၏ဘဝ သာယာစိုပြည်လာစေရေးအတွက် ချင်းယင်အား လက်ထပ်ရန် ဆုံးဖြတ်လိုက်လေတော့သည်။

* * *

ယိလင်းက ချင်းယင်အားလက်ထပ်ရန် ဆုံးဖြတ်လိုက်၏။

ထိုအချိန်မှာပင် ရွှေနဂါးဂိုဏ်းချုပ်၏သမီး ဆွေရှမ်းသည် ခိုလုံရှမ်းမြို့သို့ ရောက်ရှိလာလေသည်။

ယိလင်း အကြီးအကျယ် စိတ်ပျက်သွားလေသည်။

မည်သို့ဆိုစေ....

အိမ်ရှင်ဖြစ်သည့်အတိုင်း ဧည့်ခံကြိုဆိုခဲ့ရလေသည်။

ဆွေရှမ်းသည် ယိလင်းနှင့် ရင်းနှီးမှုရအောင် အမျိုးမျိုး ကြိုးစားနေလေသည်။

သို့သော်....



ယိလင်း၏ သူမအပေါ်ဆက်ဆံမှုမှာ သေးကြီးအေးစက် ဖြစ်နေသည်ကို တွေ့ရသဖြင့် စိတ်ပျက်သွားလေသည်။

ဆွေရှမ်းလည်း ခိုလုံရှမ်းမြို့မှ ပြန်သွားလေတော့သည်။

မိဘများ မရှိတော့သည့်တိုင် အိမ်ထောင်ရေးကိစ္စမှာ အေးချမ်းသွားခြင်း မရှိသေးကြောင်း ယိလင်းနားလည် လိုက်၏။

ထို့ကြောင့် ချင်းယင်နှင့်လက်ထပ်နိုင်ရန် အမြန်ဆုံး စိုင်းပြင်းလိုက်လေတော့သည်။

* * *

ခိုလုံရှမ်းမြို့သည် ထုံးစံအတိုင်း စည်ကားသိုက်မြိုက်၍နေ လေသည်။

ကျန်းဟိုသည် ခိုလုံရှမ်းမြို့သို့ ရောက်ရှိလာလေသည်။

သူ့အား လိုက်လံတိုက်ခိုက်နေသည့် ရွှေနဂါးဂိုဏ်းသား များ၏အန္တရာယ်မှ လွတ်အောင်ရှောင်တိမ်းရင်း တိုက်ဘိုက် ဆိုင်ဆိုင် ခိုလုံရှမ်းမြို့သို့ ရောက်ရှိလာခြင်း ဖြစ်လေသည်။

ကျန်းဟိုသည် အေးချမ်းသာယာသော ခိုလှုံရှမ်းမြို့လေးအား သဘောကျသွားလေသည်။

'ငါ ဒီမှာ အတော်ကြာကြာ ခိုအောင်းနေပြီး ရွှေနဂါးဂိုဏ်းသားတွေ မေ့လောက်တော့မှ သိုင်းလောကကို ပြန်သွားရတော့မှာပဲ'

ဟု ဆုံးဖြတ်လိုက်လေသည်။

တည်းခိုခန်းတစ်ခန်း၌ ငှားရမ်းနေထိုင်လိုက်လေသည်။

ကျန်းဟိုအတွက် အေးချမ်းသာယာမည်ထင်ရသော ခိုလှုံရှမ်းမြို့သည် အမှန်တော့ အေးချမ်းခြင်းမရှိခဲ့ပါချေ။

သားရေးသမီးရေးကိစ္စကြောင့် ရွှေနဂါးဂိုဏ်းချုပ်ကျင်းလုံဆွေကိုယ်တိုင် ခိုလှုံရှမ်းမြို့သို့ ရောက်ရှိလာခြင်းကြောင့် ဖြစ်ပေတော့သည်။

* * *



ချင်းယင်သည် အထည်အတော်များများကို ရက်လုပ်ထားပြီး ဖြစ်လေသည်။

သို့သော်....

သူမ သွားရောက်ရောင်းချခြင်း မပြုသေးပါချေ။

ယိလင်း၏မိဘများ ကွယ်လွန်သွားသဖြင့် ဝမ်းနည်းသောအထိမ်းအမှတ်ဖြင့် အထည်ဆိုင်ပိတ်ထားသည် မဟုတ်ပါလား။

တစ်ရက်....

နှစ်ရက်....

သုံးရက်....

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားလေသည်။

ချင်းယင်သည် ယိလင်းအတွက် စိတ်မကောင်းဖြစ်မိသည်။

သူမ၏အထည်များကို အခြားသောဆိုင်များ၌ သွားရောက်ရောင်းချခြင်း မပြုလိုပါချေ။

သူမသည် ယိမိသားစု အထည်ဆိုင် ပြန်ဖွင့်မည့်နေ့ရက်ကို စောင့်ဆိုင်းနေလိုက်၏။

သို့ဖြင့်....

တစ်လနီးပါးကြာမှ ယိမိသားစုအဘည့်ဆိုင် ပြန်ဖွင့်လေသည်။

ချင်းယင်က ဝမ်းသာအားရဖြင့် အထည်များသွားရောင်းသည်။

ယိလင်းကိုတော့ မတွေ့ရပါ။

ဆိုင်တာဝန်ခံက ဈေးကောင်းကောင်းပေးကာ ဝယ်ယူထားလိုက်လေသည်။

ချင်းယင်သည် ရရှိသောငွေဖြင့် သားငယ်လုရှိအတွက် လိုအပ်သည့်ပစ္စည်းများ ဝယ်ယူရန် ဈေးဘက်သို့ ထွက်လာခဲ့သည်။

ဤတွင်....

သူမ၏ဘဝတွင် ကြီးမားသော အပြောင်းအလဲကြီးတစ်ရပ်နှင့် ကြုံတွေ့ခဲ့ရလေတော့သည်။

* * *



မြို့လယ်ဈေးတွင် လူစည်ကားနေလေသည်။

ချင်းယင်သည် ဟိုဟိုသည်သည် ငေးမော ကြည့်ရင်း လျှောက်လာခဲ့လေသည်။

ကလေးကစားစရာများ ရောင်းချသော ဆိုင်တစ်ဆိုင်သို့ ရောက်လျှင် သူ၏ခြေလှမ်းများ တုံ့ခနဲရပ်သွားလေသည်။

'သားလေးအတွက် ကစားစရာ အရုပ်ကလေး တစ်ရုပ်လောက် ဝယ်သွားဦးမှပဲ'

ဟု ရေရွတ်လိုက်သည်။

ထို့နောက်....

ဆိုင်ထဲသို့ဝင်သွားလေသည်။

ချင်းယင် ဆိုင်ထဲသို့ ရောက်သွားချိန်တွင် မလှမ်းမကမ်း တစ်နေရာသို့ ကျန်းဟိုရောက်ရှိလာလေသည်။

ကျန်းဟိုသည် ခိုလုံရှမ်းမြို့မှ ယိမိသားစု အထည်ဆိုင်ရှင် ယိလင်းနှင့် ရွှေနဂါးဂိုဏ်းချုပ် ကျင်းလုံဆွေတို့ ပတ်သက်နေကြသည်ကို မသိပါချေ။

ခိုလုံရှမ်းမြို့တွင် အေးအေးဆေးဆေး နေထိုင်နိုင်မည်ဟု ယုံကြည်ထားလေသည်။

ထို့ကြောင့်လည်း အေးအေးဆေးဆေးပင် မြို့ထဲသို့လမ်းလျှောက်ထွက်လာခဲ့ခြင်း ဖြစ်လေသည်။

ထိုစဉ်မှာပင်....

'ကျန်းဟို'

ခေါ်သံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျန်းဟို အံ့သြသွားသည်။

ဤမြို့ကလေးတွင် သူ၏အမည်ကို သိနေသူတစ်ယောက်ရှိနေသည် မဟုတ်ပါလား။

ကျန်းဟို ကပျာကယာ လှည့်ကြည့်လိုက်လေသည်။

ထိုအခါ....

လူတစ်ယောက်က သူ့ထံသို့ ခပ်သွက်သွက် လှမ်းလာနေသည်ကို တွေ့ရလေသည်။

ထိုလူကိုမြင်လျှင် ကျန်းဟို အံ့သြသွားပြီး....

'ဟင်....ဇီးကွက်'



ဟု လှတ်ခနဲ ခေါ်လိုက်လေသည်။

ဇီးကွက်က ရယ်မောလိုက်သည်။

'ဟုတ်ပါတယ်ဗျာ'

'ခင်ဗျား ဘယ်လိုလုပ်ပြီး ဒီမြို့ကို ရောက်လာတာလဲဗျ၊ ပြောစမ်းပါဦး'

'ဒီလိုပေါ့ဗျာ'

ကျန်းဟိုက....

'နေပါဦး၊ ခင်ဗျားမှာ အကြောင်းတစ်ခုခုတော့ ရှိမယ်ထင်တယ်'

'ဟုတ်တယ်'

'ဘယ်လိုအကြောင်းကိစ္စများလဲ ပြောပါဦး'

ဇီးကွက်က ရယ်မောလိုက်လေသည်။

'လမ်းပေါ်မှာပြောလို့မကောင်းဘူး၊ ကဲ...လာ ဟိုစားသောက်ဆိုင်မှာ သွားပြောကြရအောင်'

ကျန်းဟို တွေဝေသွားသည်။

သို့သော်....

ဇီးကွက်ကိုတွေ့လိုက်ရသဖြင့် စိတ်ထဲ မသိုးမသန့်ဖြစ်လာသည်။

ထို့ကြောင့် ဇီးကွက်နှင့်အတူ လိုက်သွားလေသည်။

သူတို့ဝင်သွားကြသော စားသောက်ဆိုင်မှာ ချင်းယင်ဝင်သွားသောဆိုင်နှင့် မျက်နှာချင်းဆိုင် ဖြစ်လေသည်။

ဆိုင်ထဲ၌ လူရှင်းနေပါသည်။

ကျန်းဟိုတို့က စားပွဲတစ်လုံး၌ နေရာယူလိုက်ကြပြီးအရက်နှင့်စားသောက်ဖွယ်ရာများ မှာကြားလိုက်လေသည်။

ဇီးကွက်က....

'သောက်လိုက်ပါဦး'

အရက်တစ်ခွက်ငှဲ့ပေးလိုက်လေသည်။

ကျန်းဟိုက အရက်သောက်လိုက်ပြီးလျှင်....

'ကဲ....ဘာကိစ္စဒီမြို့ကိုရောက်နေရတာလဲ ပြောစမ်းပါဦး'

ဟု မေးလိုက်လေသည်။



ဇီးကွက်က....

'လူတစ်ယောက်က မင်းကိုလိုက်ရှာခိုင်းလို့'

'ကျုပ်ကို'

'ဟုတ်တယ်'

'ဘယ်သူလဲ'

'မင်းကို အလုပ်အပ်ချင်တဲ့လူပေါ့'

ကျန်းဟိုက သက်ပြင်းချလိုက်လေသည်။

'ကျုပ်ကလဲ မလုပ်ချင်သေးဘူး'

'ဘာဖြစ်လို့လဲ'

'လူတချို့က ကျုပ်ကို လိုက်ရှာနေကြတယ်၊ ကျုပ်ကသိုင်းလောကထဲကထွက်လိုက်တာနဲ့ သူတို့နဲ့ရင်ဆိုင်တွေ့မှာပဲ'

ဇီးကွက်က....

'ဘယ်သူတွေလဲ'

ကျန်းဟိုသည် တစ်စုံတစ်ခုပြောရန် ဟန်ပြင်ပြီးမှ....

‘ခင်ဗျားသိလို့ အပိုပါပဲဗျာ’

ဟု ပြောလိုက်လေသည်။

ဇီးကွက် ပြုံးလိုက်သည်။

‘မင်းမပြောလဲ ကျုပ်သိပါတယ်’

‘ခင်ဗျားသိတယ်’

‘ဟုတ်တယ်၊ ရွှေနဂါးဂိုဏ်းကလူတွေ မဟုတ်လား’

‘ဟင်’

ကျန်းဟို အံ့ဩသွားလေသည်။

ဇီးကွက်ကို မယုံကြည်နိုင်စွာကြည့်ရင်း....

‘ခင်ဗျား ဘယ်လိုလုပ် သိတာလဲ’

ဟု မေးလိုက်လေသည်။

ဇီးကွက်က....

‘သိုင်းလောကမှာ ကျုပ်မသိသေးတဲ့ကိစ္စ မရှိသလောက်ပဲဆိုတာ မင်းသိပါတယ်’



ကျန်းဟိုက သက်ပြင်းချလိုက်လေသည်။

ဇီးကွက်သည် သတင်းအနံ့ခံ ကောင်းသူ ဖြစ်သလို မိတ်ဆွေအပေါင်းအသင်း ပေါများသူလည်း ဖြစ်သည်။

‘ထားပါတော့ကွယ်၊ ကျုပ်က ခင်ဗျားရဲ့အလုပ်ကို လက်မခံနိုင်သေးလို့ပါဗျာ’

ဇီးကွက်က....

‘ဘာဖြစ်လို့လဲ’

‘ကျုပ် ဒီမြို့က ထွက်သွားရဦးမယ်၊ ရွှေနဂါးဂိုဏ်းနဲ့လဲ ရင်မဆိုင်ချင်သေးဘူး’

‘မင်း ဘာကြောင့် ဒီလောက်ဘောင် ပြောင်းလဲသွားရတာလဲ’

‘အခြေအနေအရပေါ့ဗျာ’

ကျန်းဟိုက ထိုင်ရာမှထလိုက်လေသည်။

ထိုစဉ်....

‘နေဦး’

ဇီးကွက်က ဟန့်တားလိုက်လေသည်။

ကျန်းဟိုက....

'ခင်ဗျား ဘာပြောချင်လို့လဲ'

ဇီးကွက်က....

'ပြောရင်းဆိုရင်း ခင်ဗျားကိုတွေ့ချင်တဲ့ အလုပ်ရှင်တောင် လာနေပြီ'

ဟု ပြောလေသည်။

ကျန်းဟို ရင်ထိတ်သွားလေသည်။

ကပျာကယာ လှည့်ကြည့်လိုက်မိ၏။

ထိုအခါ....

ဆိုင်ထဲသို့ဝင်လာသည့် အဘိုးအိုတစ်ယောက်အား တွေ့မြင်လိုက်ရလေသည်။

ကျင်းဟိုသည် ထိုအဘိုးအိုအားမြင်လျှင် ရင်ထိတ်သွားလေသည်။

ဇီးကွက်ကို မျက်လုံးပြူးကာ ကြည့်လိုက်ပြီး....



'မင်းက လူယုတ်မာပဲ'

ဟု ပြောလိုက်သည်။

ဇီးကွက် သက်ပြင်းချလိုက်သည်။

'ငါက မင်းကိုဖော်ထုတ်မပေးရင် သူက ငါ့ကို ဒုက္ခပေးလိမ့်မယ်ကွ၊ ငါဒုက္ခမရောက်ချင်ဘူး'

ကျန်းဟိုက သူ့ထံသို့လှမ်းလာနေသည့်အဘိုးအိုအား လှည့်ကြည့်လိုက်၏။

အဘိုးအိုသည် တစ်စထက်တစ်စ နီးကပ်လာပြီ ဖြစ်လေသည်။

ကျန်းဟိုက အံကြိတ်လိုက်သည်။

'ယား'

ဌာသံပေးကာ စားပွဲကို ဆွဲမှောက်လိုက်လေသည်။

'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာလေသည်။

စားပွဲပေါ်မှ အရက်အိုးနှင့်အရက်ခွက်များသည် ကြမ်းပြင်ပေါ်သို့ပြုတ်ကျကာ ကွဲကြေကုန်သည်။

အခြေအနေ ရုတ်ရုတ်သဲသဲဖြစ်သွားရာ အဘိုးအိုက နောက်သို့ ခုန်ဆုတ်လိုက်လေသည်။

ကျန်းဟိုသည် ရလာသည့်အခွင့်အရေးကို လက်လွှတ်မခံဘဲ ဆိုင်အပြင်ဘက်သို့ တစ်ဟုန်ထိုး ပြေးထွက်သွားလေသည်။

ဆိုင်အပြင်ဘက်သို့ရောက်လျှင် ရွှေနဂါးဂိုဏ်းသားများက ဝိုင်းရံထားကြသည်ကို တွေ့လိုက်ရလေသည်။

ကျန်းဟို ပြေးမလွတ်တော့ပါချေ။

နောက်လှည့်ကြည့်လိုက်သောအခါ အဘိုးအိုနှင့် ဇီးကွက်တို့ ထွက်လာကြသည်ကို တွေ့လိုက်ရလေသည်။

ကျန်းဟို ဒေါပွသွားလေသည်။

'ဇီးကွက်....ခင်ဗျား ယုတ်မာလှချည်လား'

ဟု အော်ပြောလိုက်လေသည်။

ဇီးကွက်က....



'ကျန်းဟို.... ကျုပ်မှာက အလုပ်ကိစ္စရှိလို့ မင်းနောက်ကို ခြေရာခံပြီးလိုက်လာတာ၊ ဒီကိုရောက်တော့ရွှေနဂါးဂိုဏ်းချုပ်နဲ့ တွေ့ရတယ်၊ သူက မင်းရဲ့အကြောင်းကို သိချင်နေတော့ ကျုပ် ငြင်းလို့မရတော့ဘူး'

စိတ်မကောင်းသောသေသံဖြင့် ရှင်းပြလာလေသည်။

ကျန်းဟို အံကြိတ်လိုက်သည်။

'ကျုပ်ကိုဒုက္ခပေးရင် ကျုပ်က ဘယ်တော့မှ ခွင့်မလွှတ်တတ်ဘူးဆိုတာ ခင်ဗျား သိပါတယ်'

စကားဆုံးလျှင် ဇီးကွက်ထံ ပြေးဝင် တိုက်ခိုက်လိုက်လေသည်။

သို့သော်....

အဘိုးအိုသည် ရှေ့သို့လှမ်းထွက်ပြီး လက်ဝါးတစ်ချက် ချိုက်ထုတ်လိုက်လျှင်....

'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာလေသည်။

ကျန်းဟို အနောက်ဘက်သို့ လွင့်စဉ်သွားလေတော့သည်။

ရွှေနဂါးဂိုဏ်းသားများသည် ကျန်းဟိုအား ဖမ်းဆီးရန် ရှေ့တိုးလာကြလေသည်။

ကျန်းဟိုသည် အခြေအနေမဟန်မှန်း သဘောပေါက်သွားလေသည်။

ထို့ကြောင့်....

'ယား'

မာန်သွင်းကာ တစ်ချက် အော်ဟစ်လိုက်ပြီး ရွှေနဂါးဂိုဏ်းသားများအား တိုက်ခိုက်လိုက်လေသည်။

ဒဏ်ရာရထားသော်လည်း သူ၏ တိုက်ခိုက်မှုမှာ ကြောက်စရာကောင်းအောင် ပြင်းထန်နေပါတော့သည်။

'ဝုန်း'

'အား'

'အမယ်လေး'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

ရွှေနဂါးဂိုဏ်းသားများ ပရိုပရဲ ဖြစ်သွားကြလေသည်။



အတိုးအို(ဝါ)ရွှေနဂါးဂိုဏ်းချုပ် ကျင်းလုံဆွေသည် နှာခေါင်းရှုံ့လိုက်ပြီး ရှေ့သို့ ခုန်ထွက်လာလေသည်။

ကျင်းလုံဆွေ၏အရိပ်ကို လှစ်ခနဲ တွေ့မြင်လိုက်ရသဖြင့် ကျန်းဟိုသည် လက်နှစ်ဖက်သန့်တုတ်ကာ ခုခံလိုက်လေသည်။

'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာလေသည်။

ကျန်းဟိုမှာ အဝေးသို့ လွင့်စဉ်သွားပြန်လေတော့သည်။

ယခုတစ်ကြိမ်....

ကျန်းဟိုသည် အတော်လေး အထိနာသွားပြီ ဖြစ်လေသည်။

သူ၏နှုတ်ခမ်းထောင့်မှ သွေးများ ယိုစီးကျနေ၏။

လမ်းတစ်ဖက်သို့တိုင် လွင့်စဉ်သွားခြင်းဖြစ်ပြီး ကစားစရာရောင်းချသောဆိုင်ရှေ့သို့ ရောက်ရှိသွားလေသည်။

'မလွတ်စေနဲ့'

ရွှေနဂါးဂိုဏ်းသားများသည် တစ်ဘုန်ထိုး ပြေးလာကြလေသည်။

ကျန်းဟို ဒယီးဒယိုင်ဖြစ်နေ၏။

သူ၏ဘဝတွင် ပထမဆုံးအကြိမ် အရေးနိမ့်ရခြင်း ဖြစ်လေသည်။

ကျန်းဟိုသည် ရွှေနဂါးဂိုဏ်းသားများလက်တွင်းမှ လွတ်မြောက်နိုင်တော့မည်မဟုတ်ကြောင်း သဘောပေါက်လိုက်၏။

ထိုစဉ်....

'အမယ်လေး'

ချင်းယင်သည် ကစားစရာဆိုင်ထဲမှ ထွက်လာရာ ဒယီးဒယိုင်ဖြစ်နေသော ကျန်းဟိုနှင့် ဝင်တိုက်မိမလို ဖြစ်သွားလေတော့သည်။

ကျန်းဟိုသည် ချက်ချင်းပင် ချင်းယင်အား ဖမ်းဆွဲထားလိုက်လေသည်။

ဓားမြှောင်တစ်လက်ကိုဆွဲထုတ်ကာ ချင်းယင်အား ချိန်ရွယ်ထားလိုက်ပြီးလျှင်....

'တစ်ယောက်မှ ရှေ့တိုးမလာနဲ့၊ ရှေ့တိုးလာရင် ဒီမိန်းကလေးကို အရင်ဆုံးသတ်ပစ်လိုက်မယ်'

ဟု ခြိမ်းခြောက်လိုက်လေသည်။



'ရပ်လိုက်'

ကျင်းလုံဆွေက ဟန့်တားလိုက်သည်။

ရှေ့တိုးရန် ဟန်ပြင်နေကြသော ရွှေနဂါးဂိုဏ်းသားများ ချက်ချင်း နောက်ဆုတ်လိုက်ကြလေသည်။

ကျင်းလုံဆွေက ရှေ့တိုးလာသည်။

ကျန်းဟိုကို စိုက်ကြည့်လိုက်ပြီး....

'အပြစ်မရှိတဲ့ မိန်းကလေးကို လွှတ်ပေးလိုက်ရင် ကောင်းလိမ့်မယ်'

ဟု ပြောလေသည်။

ကျန်းဟို ခေါင်းခါယမ်းလိုက်သည်။

'မလွှတ်နိုင်ဘူး၊ ခင်ဗျားတို့ထွက်သွားမှ လွှတ်ပေးမယ်'

ဟု ငြင်းဆန်လိုက်လေသည်။

ကျင်းလုံဆွေက....

'မင်းက ရွှေနဂါးဂိုဏ်းကို မစော်ကားခဲ့ရင် ကျုပ်က မင်းကို ဘယ်လိုမှ သဘောမထားပါဘူး'

ကျန်းဟိုက....

'ခင်ဗျား လူမှားနေပြီ၊ ရွှေနဂါးဂိုဏ်းကို တကယ်တမ်း ဒုက္ခပေးခဲ့တာ သွေးစကြာဂိုဏ်းကလူတွေဗျ၊ ကျုပ်မဟုတ်ဘူး'

ချင်းယင်ကား ကြောက်လန့်လွန်းသဖြင့် သတိလစ်မေ့မြောမလို ရှိနေပါသည်။

ကျန်းဟိုတို့ ပြောသည့်စကားတွင် သွေးစကြာဂိုဏ်းဟု အမည်ပါလာသောအခါ အံ့သြသွားလေသည်။

သွေးစကြာဂိုဏ်းသည် သူမ၏ခင်ပွန်းသည်ကို သတ်ပစ်ခဲ့ကြသည် မဟုတ်ပါလား။

ကျင်းလုံဆွေက....

'ဒါတွေ ငါမသိဘူး၊ ငါသိတာ မင်းကိုဆုံးမရမှာပဲ၊ မဆိုင်တဲ့မိန်းကလေးတစ်ယောက်ကို ဒုက္ခမပေးနဲ့ လွှတ်လိုက်စမ်း'

ဟု ငေါက်လိုက်လေသည်။

ကျန်းဟို ခေါင်းခါယမ်းလိုက်သည်။

'မလွှတ်နိုင်ဘူး'



'ကောင်းပြီ'

ကျင်းလုံဆွေက လက်ဝှေ့ယမ်းပြလိုက်လေသည်။

'တိုက်ကြစမ်း'

ရွှေနဂါးဂိုဏ်းသားများသည် တိုက်ခိုက်ရန် ရှေ့သို့လှမ်းတက်လာကြလေသည်။

ကျန်းဟို အံ့သြသွားသည်။

'ခင်ဗျားတို့ဟာ အဖြူရောင်သိုင်းသမားတွေလို့ နာမည်ခံထားပြီး အပြစ်မရှိတဲ့ မိန်းကလေးတစ်ယောက် ဒုက္ခရောက်သွားအောင် လုပ်မလို့လားဗျ'

ကျင်းလုံဆွေက....

'မင်းလိုလူဆိုးတစ်ယောက်ကို ရှင်းပစ်ဖို့ အပြစ်မရှိတဲ့ လူတစ်ယောက်ကို ဆုံးရှုံးလိုက်ရတော့ကော ဘာဖြစ်ရမှာလဲ'

ပြောပြောဆိုဆို သူကိုယ်တိုင် ရှေ့သို့လှမ်းတက်လာလေသည်။

ကျန်းဟို ရင်ထိတ်သွားသည်။

ကျွင်းလုံဆွေအား မည်သို့မျှ ရင်မဆိုင်နိုင်မှန်း သဘော ပေါက်ထားလေသည်။

သူ ကြံရာမရ ဖြစ်နေစဉ်မှာပင်....

'မလုပ်ပါနဲ့'

အော်ဟစ်ဟန့်တားသံနှင့်အတူ လူတစ်ယောက် ပြေးလွှား လာနေသည်ကို တွေ့လိုက်ရလေသည်။

ထိုလူကိုမြင်လျှင် ကျင်းလုံဆွေ ကပျာကယာ နောက် ဆုတ်လိုက်လေတော့သည်။

*          *          *

လူတစ်ယောက် တစ်ဟုန်ထိုး ပြေးလာလေသည်။

ထိုလူမှာ ယိလင်းဖြစ်လေသည်။

ယိလင်းကိုမြင်လျှင်....



'အစ်ကိုကြီး'

ချင်းယင်က ဝမ်းသာအားရ ခေါ်လိုက်လေသည်။

ကျင်းလုံဆွေ အံ့ဩသွားသည်။

'ယိလင်း မင်းဘာလာလုပ်တာလဲ'

ယိလင်းက ဦးညွတ်လိုက်သည်။

'ကျွန်တော် တောင်းပန်ပါတယ် ခင်ဗျာ၊ သူတို့ကို လွှတ်ပေးလိုက်ပါ'

ကျန်းဟိုတို့အားညွှန်ပြကာ ပြောလိုက်လေသည်။

ကျင်းလုံဆွေ မျက်လုံးပြူးသွားသည်။

'ဘာပြောတယ်၊ သူတို့ကို လွှတ်ပေးရမယ် ဟုတ်လား'

'ဟုတ်ပါတယ်ခင်ဗျာ'

'မင်းရူးနေပြီလား၊ သူဟာ မင်းရဲ့မိဘတွေကို သတ်သွားတဲ့ လူဆိုးတွေထဲမှာ ပါဝင်နေတဲ့လူတစ်ယောက်ကွ'

ယိလင်း မျက်နှာပျက်သွားလေသည်။

ကျန်းဟိုအား လှမ်းကြည့်လိုက်၏။

ကျင်းလုံဆွဲက...

'သူ့ကို ရှင်းပစ်မှဖြစ်မယ်'

ဟု ခပ်ပြတ်ပြတ်ပြောလေသည်။

ယိလင်း သက်ပြင်းချလိုက်သည်။

'ဦးရယ်၊ ညီမ ချင်းယင် ဒုက္ခရောက်သွားပါလိမ့်မယ်၊ သူ့ကို လွှတ်ပေးလိုက်ပါခင်ဗျာ'

'ဘာကွ'

ကျင်းလုံဆွေ မခကျမနပ် ဖြစ်သွားလေသည်။

ချင်းယင်မှာမူ ဝမ်းသာသွားလေသည်။

သူမအား ကယ်တင်မည့်သူ ရောက်လာပြီမဟုတ်ပါလား။

'အစ်ကိုကြီး ကျွန်မကို ကယ်ပါဦး'

ဟု လှမ်းပြီး အကူအညီတောင်းလိုက်မိလေသည်။

ယိလင်းက ရှေ့ကိုတိုးလာပြီး ကျန်းဟိုကို ဦးညွှတ်လိုက်သည်။



'မိတ်ဆွေ၊ ညီမ ချင်းယင်ကို လွှတ်လိုက်ပါဗျာ၊ သူ့ကိုယ်စား ကျုပ်ကို ဓားစာခံအဖြစ် ဖမ်းထားပါလို့ မေတ္တာရပ်ခံပါတယ်'

ဟု ပြောလိုက်လေသည်။

'ဟင်'

မမျှော်လင့်သောစကား ကြားလိုက်ရသဖြင့် ကျင်းလုံဆွေ အံ့ဩသွားလေသည်။

'ယိလင်း၊ မင်းဘာတွေလျှောက်လုပ်နေတာလဲ'

ဟု ဟောက်လိုက်သည်။

ယိလင်းက ဂရုမစိုက်ပါချေ။

ကျန်းဟိုကိုသာ လှမ်းပြောနေသည်။

'ကျုပ်ရဲ့ မိတ်ဆွေရှိစဉ်က ရွှေနဂါး ဂိုဏ်းချုပ်ရဲ့ သမီးနဲ့ ကျုပ်ကိုလက်ထပ်ပေးဖို့ ကမ်းလှမ်းခဲ့ဘူးပါတယ်၊ သူတို့ကလဲ လက်ခံခဲ့ကြပါတယ်၊ ခင်ဗျားသာ ကျုပ်ကို ဓားစာခံအဖြစ် ထားမယ်ဆိုရင် သူတို့လက်ဖျားနဲ့တောင် တို့ဝံ့ကြမှာ မဟုတ်ပါဘူး၊ ညီမချင်းယင်ကို ဖမ်းထားတာထက် ကျုပ်က ပိုပြီး အသုံးဝင်မှာပါဗျာ'

ကျန်းဟို ငိုင်သွားလေသည်။

သူ၏ ဘဝတစ်သက်တာတွင် မကြုံဘူးသော အဖြစ်အပျက်တစ်ခုနှင့် ကြုံတွေ့နေရခြင်း ဖြစ်လေသည်။

ယိလင်းက....

'ကျုပ်ကို ဖမ်းထားပါဗျာ'

ဟု ပြောကာ ရှေ့တိုးလာ၏။

'ရပ်လိုက်စမ်း'

ကျင်းလုံဆွေက ဝေါက်လိုက်သော်လည်း ဂရုမစိုက်ချေ။

ကျန်းဟိုသည် တွေဝေနေပြီးမှ အခြေအနေကို သဘောပေါက်သွားလေသည်။

ယိလင်းသည် ချင်းယင်ထက် တန်ဖိုးရှိနေသည် မဟုတ်ပါလား။

'ကောင်းပြီ၊ ခင်ဗျား အကောက်ကြံမယ်တော့ စိတ်မကူးနဲ့၊ သေသွားမယ်'

ဟု ဝေါက်ကာ ချင်းယင်ကိုလွှတ်ပေးလိုက်လေသည်။



ယိလင်းအား ဆတ်ခနဲ ဖမ်းဆွဲထားလိုက်လေသည်။

ယိလင်းသည် ချင်းယင် လွတ်မြောက်သွားသည်ကို တွေ့ရသောအခါ ဝမ်းသာသွားလေသည်။

'ညီမ....မြန်မြန်ပြေး'

ဟု အော်ပြောလိုက်လေသည်။

ချင်းယင်က ရုတ်တရက် ထွက်မသွားပါချေ။

သူမ၏အသက်ကို စွန့်စားကယ်တင်လိုက်သည့် ယိလင်းကို မယုံကြည်နိုင်အောင် ကြည့်နေ၏။

ယိလင်းက....

'ညီမ မြန်မြန်ပြေး'

ဟု ထပ်မံအော်ပြောလိုက်၏။

ချင်းယင်၏ မျက်ဝန်းအစုံတွင် မျက်ရည်များ ရစ်ဝဲလာလေသည်။

'အစ်ကိုရယ်'

ဟု ညည်းတွားလိုက်လေသည်။

ကျင်းလုံဆွေက....

'မိန်းကလေး၊ မင်းဟာ ယိလင်းနဲ့ ဘယ်လိုပတ်သက်နေသလဲ'

ဟု စူးစမ်းလိုက်လေသည်။

ချင်းယင်က....

'ကျွန်....ကျွန်မ....'

ထိုစဉ် ယိလင်းက အော်ပြောလိုက်လေသည်။

'ဦး....သူဟာ ကျွန်တော်နဲ့လက်ထပ်မယ့် မိန်းကလေးပါ'

'ဟေ'

ကျင်းလုံဆွေ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

ယိလင်းကို မျက်လုံးပြူး၍ကြည့်ကာ....

'မင်းက သူ့ကို လက်ထပ်ယူမယ် ဟုတ်လား'

'ဟုတ်....ဟုတ်ပါတယ် ခင်ဗျာ'

'ဩော်....ဒါဆို မင်းဟာ ရက်ကန်းသည် မုဆိုးမလေးတစ်ယောက်နဲ့ ချစ်ကြိုက်နေတယ်ဆိုတဲ့ သတင်းကို ငါကြားခဲ့ရတာ မှန်နေပြီပေါ့'



ယိလင်း ခေါင်းငုံ့ထားလိုက်လေသည်။

'ထွိ'

ကျင်းလုံဆွေသည် မြေပေါ် တံတွေး ထွေးချလိုက်လေသည်။

ချင်းယင် တအံ့တဩ ဖြစ်နေသည်။

ယိလင်းသည် သူ၏ဘဝဂုဏ်သိက္ခာနှင့် အသက်ကိုရင်းကာ သူမအား ကယ်တင်လိုက်သည်မဟုတ်ပါလား။

ကျင်းလုံဆွေက....

'လက်စသတ်တော့ မင်းဟာ ငါ့သမီးထက် ဘာမဟုတ်တဲ့ မုဆိုးမတစ်ယောက်ကို သဘောကျနေတာပေါ့၊ တော်ပြီ၊ မင်းကို ငါ့သမီးနဲ့ ဘယ်တော့မှ မပေးစားနိုင်ဘူး'

စကားဆုံးလျှင် ချာခနဲ လှည့်ကာ ထွက်သွားလေသည်။

ရွှေနဂါးဂိုဏ်းသားများသည်လည်း ချက်ချင်း လိုက်ပါသွားကြလေတော့သည်။

*   *   *

ကျင်းလုံဆွေနှင့် ရွှေနဂါးဂိုဏ်းသားများထွက်သွားကြပြီဖြစ်လေသည်။

ယခုမှ ကျန်းဟို သက်ပြင်း ချနိုင်လေတော့သည်။

ချင်းယင်ကလည်း ထွက်မသွားသေးပါ။

ကျန်းဟို ဖမ်းထားသည့် ယိလင်းကို ငေးကြည့်နေ၏။

ယိလင်းက....

'ညီမ....မြန်မြန်သွားပါ'

ဟု ပြောလိုက်လေသည်။

ချင်းယင် ခေါင်းခါယမ်းလိုက်သည်။

'ကျွန်မ မသွားဘူး'

'ညီမ'

'အစ်ကို့ကို ဒီအတိုင်းထားခဲ့ပြီး ကျွန်မ မသွားနိုင်ဘူး'

ယိလင်း မည်သို့ပြောရမှန်းမသိ ဖြစ်သွားလေသည်။

သူ၏ရင်ထဲ၌ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာလေသည်။

ချင်းယင်သည် မျက်ရည်အစိုင်းသားဖြင့် ယိလင်းကိုကြည့်နေရာမှ....

'အစ်ကိုရယ်.... သူ့ကိုလွှတ်ပေးပါရှင်

ဟု ကျန်းဟိုကို တောင်းပန်လိုက်လေသည်။



ကျန်းဟိုက ခေါင်းခါယမ်းလိုက်သည်။

'လွှတ်မပေးနိုင်ဘူး'

ယိလင်းက....

'ညီမ....အစ်ကို့အတွက် ဘာမှမပူနဲ့၊ ညီမသာ မြန်မြန်ထွက်သွားပါ'

ဟု စိုးရိမ်စွာ ပြောနေသည်။

ကျန်းဟိုက ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ် ကြည့်လိုက်သည်။

ရွှေနဂါးဂိုဏ်းသားများ မရှိတော့သဖြင့် အခွင့်အရေးရချိက် ထွက်သွားမှုဖြစ်မည်ဟု နားလည်လာလေသည်။

'သွားစမ်း'

ဟု ငေါက်ကာ ယိလင်းကိုတွန်းထုတ်လိုက်လေသည်။

ထို့နောက် အဝေးသို့ပြေးထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

သို့သော်....

ကျင်းလုံဆွေ၏တိုက်ခိုက်မှုကြောင့် ဒဏ်ရာရထားပြီး ဖြစ်ရကာ မည်သို့မျှမဟန်နိုင်တော့ဘဲ....

'စုန်း'

မြေပေါ်လဲကျသွားလေသည်။

'ဟင်'

'ဟာ'

ယိုလင်းနှင့်ချင်းယင်တို့ လွှတ်ခနဲ ရေရွတ်လိုက်ကြ၏။

ကျန်းဟိုကို ကြည့်လိုက်သောအခါ တုတ်တုတ်မျှ မလှုပ်ဘဲ သတိလစ်မေ့မြောနေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

* * *

## နောင်တ

အေးမြသောလေသည် ပြတင်းပေါက်မှတစ်ဆင့် ဖြတ်သန်း တိုက်ခတ်လာလေသည်။

ကျန်းဟို သတိရလာသောအခါ တဲအိမ်ကလေးတစ်လုံးအတွင်းရှိဝါးကွပ်ပျစ်ဘစ်လုံးပေါ်၌ ရောက်ရှိနေသည်ကိုတွေ့မြင် လိုက်ရလေသည်။

'ငါဘယ်ရောက်နေတာပါလိမ့်'

ကျန်းဟို အထိတ်တလန့်ဖြင့် ကပျာကယာ လူးလိမ့်ထလိုက်လေသည်။

ထိုစဉ်....

'မိတ်ဆွေ သတိရလာပြီလားဗျာ'

စကားသံတစ်ချက် ထွက်ပေါ်လာလေသည်။

ကျန်းဟိုလှမ်းကြည့်လိုက်သောအခါ ယီလင်းနှင့်ချင်းယင်တို့ ရောက်ရှိလာကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ကျန်းဟိုက....

'ကျုပ် ဘယ်ကိုရောက်နေတာလဲ'

ဟု မေးလိုက်၏။

ချင်းယင်က....

'ကျွန်မရဲ့အိမ်ကို ရောက်နေတာပါရှင်'

'ကျုပ်က....'

'ရှင်က လမ်းပေါ်မှာ သတိလစ်လဲကျသွားလို့ ကျွန်မတို့ ခေါ်လာတာပါ'

ကျန်းဟို ဝါးကွပ်ပျစ်ပေါ်မှ ဆင်းလိုက်လေသည်။

ချင်းယင်က....

'အို....သိပ်ပြီး လှုပ်လှုပ်ရှားရှား မလုပ်နဲ့ဦးလေ၊ သမားတော်ကြီးက ရှင့်မှာ အတွင်းဒဏ်ရာရထားလို့ တစ်လလောက် အနားယူရမယ်လို့ ပြောတယ်ရှင့်'

ယီလင်းက....



'ဟုတ်ပါတယ်ဗျာ၊ ခင်ဗျားတစ်ခုခုဖြစ်သွားမှာကို စိုးရိမ်လို့ ကျုပ်တို့ သမားတော်ခေါ်ပြီး ဆေးကုပေးခဲ့တာပါ'

ကျန်းဟိုသည် ယီလင်းနှင့်ချင်းယင်တို့အား မျက်မှောင်ကုတ်ကာ ကြည့်လိုက်လေသည်။

'ခင်ဗျားတို့က ကျုပ်ကို ကယ်တင်ခဲ့ကြတာဟုတ်လား'

ယီလင်းနှင့်ချင်းယင်တို့ ပြုံး၍နေကြပြီး ဘာမှမပြောကြချေ။

ကျန်းဟိုက....

'ကျုပ်ကို ဘာကြောင့် ကယ်တင်ထားရတာလဲ၊ ပြောပါဦး၊ ကျုပ်က ခင်ဗျားတို့ကိုဒုက္ခပေးခဲ့တယ် မဟုတ်လား'

ဟု မေးလိုက်သည်။

ယီလင်းက....

'ကျုပ်ကတော့ ဒုက္ခပေးတယ်လို့ မထင်မိပါဘူးဗျာ'

'ဟင်'

ကျန်းဟို မည်သို့မျှ နားမလည်နိုင်အောင် ဖြစ်နေပါတော့သည်။

ယီလင်းက....

'ဒီလိုလေဗျာ၊ ကျုပ်က....'

သူက ချင်းယင်အပေါ် မေတ္တာသက်ဝင်နေမိသည့်အကြောင်း၊ ချင်းယင်က လက်မခံသည့်အကြောင်း၊ သူ၏မိတ်ဆွေများက ရွှေနဂါးဂိုဏ်းချုပ်၏သမီးနှင့် လက်ထပ်ပေးလိုသည့်အကြောင်း၊ ယခု ချင်းယင် အဖမ်းခံလိုက်ရသောအခါ သူက အသက်စွန့်ကယ်တင်လိုက်သဖြင့်သူ၏စေတနာကို နားလည်သဘောပေါက်သွားပြီး သူ၏မေတ္တာကို လက်ခံလိုက်ပြီဆိုသည့်အကြောင်းများ ရှင်းပြလိုက်လေသည်။

ကျန်းဟို ပင့်သက်ရှိုက်လိုက်မိလေသည်။

ချင်းယင်က ရှက်သွေးဖြန်းကာ မျက်နှာလေးနီရဲနေပါ၏။

ယီလင်းက....

'ခင်ဗျားဟာ ကျုပ်တို့ကို ကူညီခဲ့သလို ရှိခဲ့တာကြောင့် ကျေးဇူးတောင်တင်မိပါတယ်ဗျာ၊ ဒါပေမယ့်....'

သူက စကား တစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်သဖြင့် ကျန်းဟိုက....

'ဒါပေမယ့် ဘာဖြစ်သလဲဗျ'

ဟု မေးလိုက်လေသည်။

ယီလင်း၏မျက်နှာ ညှိုးရော်သွားပြီး....



'ကျုပ်ရဲ့မိဘတွေကို သတ်ပစ်ခဲ့တဲ့ လူဆိုးတွေထဲမှာ ခင်ဗျား ပါဝင်နေတာ အတော့်ကိုဝမ်းနည်းစရာ ကောင်းပါတယ်ဗျာ'

ဟု ပြောလေသည်။

ကျန်းဟိုက လက်ကာပြလိုက်သည်။

'ခင်ဗျားမှားသွားလိမ့်မယ်၊ ဒီကိစ္စ ကျုပ်နဲ့ဘာမှမဆိုင်ဘူးဗျ'

သူက အဖြစ်အပျက်များကို ရှင်းပြလိုက်လေသည်။

ယီလင်းနှင့်ချင်းယင်တို့ တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်ကြ၏။

ယီလင်းက....

'ဒါဖြင့် ကျုပ်မိဘတွေသေဆုံးသွားကြရတာဟာ သွေးစကြာဂိုဏ်းရဲ့ လက်ချက်ပေါ့ ဟုတ်လား'

ဟု မေးလေသည်။

ကျန်းဟို ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

ချင်းယင်က....

'ကျွန်မရဲ့ခင်ပွန်းသည်ကိုလဲ သူတို့ပဲ သတ်ပစ်ခဲ့ကြတယ်ရှင့်'

သူမက အဖြစ်အပျက်များကို ပြောပြလိုက်လေသည်။

ကျန်းဟို စိတ်မကောင်းဖြစ်သွားလေသည်။

'ကျုပ်ဟာ ကျုပ်ကို ဒုက္ခပေးတဲ့လူကို ဆုံးမရမှာ ကျေနပ်တဲ့လူစားမျိုးပါ၊ သွေးစကြာဂိုဏ်းချုပ် သွေးဘီလူးကို ကျုပ် ရင်ဆိုင်ပါ့မယ်၊ ဒါပေမယ့် ဒီတစ်ခါတော့ ကျုပ်အတွက် မဟုတ်ဘူး၊ ခင်ဗျားတို့နှစ်ယောက်အတွက်ပဲ'

ဟု ပြောလိုက်လေသည်။

ချင်းယင်က....

'အို... ရှင့်အတွက် အန္တရာယ်များလှပါတယ်၊ သွေးစကြာဂိုဏ်းချုပ်ဟာ မကောင်းတဲ့လူတစ်ယောက် မဟုတ်လား၊ သူ့ရဲ့မိုက်ပြစ်ကို သူ တစ်နေ့ခံစားရမှာပါရှင်'

ယိလင်းက....

'ဟုတ်ပါတယ်ဗျာ၊ ရွှေနဂါးဂိုဏ်းချုပ်ကလဲ သူ့ကို ချမ်းသာပေးမှာ မဟုတ်ပါဘူး'

ဟု ဝင်ပြောလေသည်။

ကျန်းဟို လက်မခံပါချေ။

'ကျုပ်က သူ့ကိုဆုံးမရမှ ကျေနပ်မှာပါ'

ယိလင်းနှင့် ချင်းယင်တို့ တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်ကြလေသည်။



ကျန်းဟိုက....

'တကယ်တော့ ကျုပ်ဟာ ကြေးစားလူသတ်သမားတစ်ယောက်ပါ၊ ငယ်စဉ်ကတည်းက မိဘ ညီအစ်ကိုမောင်နှမ မရှိဘဲ လမ်းပေါ်ရောက်ခဲ့ရတယ်၊ ဘဝကို ကြုံသလိုရုန်းကန်လှုပ်ရှားရင်း နောက်ဆုံးတော့ ကြေးစားလူသတ်သမားဘဝကို ရောက်လာခဲ့ရတာပါပဲ၊ ကျုပ်မှာ သံယောဇဉ်ဆိုတာ မရှိခဲ့ဘူး၊ ခံစားတတ်တဲ့အသည်းနှလုံး ဆိုတာ မရှိခဲ့ပါဘူး၊ ခုတော့....'

သူ၏စကား တစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားလေသည်။

သူ၏မျက်နှာတွင် ဝမ်းနည်းကြေကွဲသည့် အရိပ်အယောင်များ ပေါ်လွင်နေပါသည်။

လူဆိုးတစ်ယောက်၏ဘဝသည် ဘယ်သောအခါမှ သာယာလှပနေမည် မဟုတ်ကြောင်း နားလည်သဘောပေါက်လာပြီ ဖြစ်ပုံရ၏။

ယိလင်းက....

'မကောင်းမှုတွေကို စွန့်လိုက်ပါတော့လားဗျာ၊ ခင်ဗျားသာ ကောင်းကောင်းမွန်မွန် နေထိုင်သွားမယ်ဆိုရင် ကျုပ်တို့က ကူညီနိုင်ပါတယ်'

ဟု ပြောလိုက်၏။

'ဟုတ်ပါတယ်ရှင်'

ချင်းယင်ကလည်း ထောက်ခံလိုက်လေသည်။

ကျန်းဟို ခေါင်းခါယမ်းလိုက်၏။

'ကျုပ်ဘဝဟာ အမည်းစက်စွန်းထင်းခဲ့ပါပြီဗျာ၊ ကျုပ်ရဲ့အပြစ်တွေဟာ ပေးဆပ်လို့မကုန်နိုင်တော့ပါဘူး၊ ကျုပ်ကို ခွင့်လွှတ်ကြပါ'

စကားဆုံးလျှင် ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

ယိလင်းက....

'ခင်ဗျား ဘယ်သွားမလို့လဲ'

ဟု လှမ်းမေးလိုက်သည်။

ကျန်းဟိုက....

'ကျုပ်က သွေးဘီလူးကို သွားရှာမယ်'

'ဟာ....ခင်ဗျားသွားလို့ မဖြစ်ဘူးထင်တယ်'

ကျန်းဟို ပြုံးလိုက်လေသည်။

'ကျုပ်ဘဝမှာ ကောင်းတာကို တစ်ခါမှမလုပ်ခဲ့ဖူးဘူး၊ ဒါကြောင့် တစ်ကြိမ်တစ်ခါ လုပ်ပါရစေလားဗျာ'

'ခင်....ခင်ဗျား'

'ကျုပ်က သွေးဘီလူးကို သုတ်သင်ရှင်းလင်းပစ်နိုင်မှာပါ၊ ခင်ဗျားတို့ကို နှုတ်ဆက်ခဲ့ပါတယ်'



ဟု ပြောကာ အိမ်ထဲမှ ထွက်သွားလေတော့သည်။

* * *

ကျန်းဟို ထွက်သွားပြီ ဖြစ်လေသည်။

ယိလင်းနှင့် ချင်းယင်တို့ငိုင်နေကြသည်။

အတော်ကလေးကြာမှ သတိဝင်လာကြကာ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

ချင်းယင်က....

'သွေးစကြာဂိုဏ်းချုပ် သွေးဘီလူးဟာ အင်မတန်ကြောက်စရာကောင်းတဲ့လူတစ်ယောက်လို့ ကျွန်မ ကြားဖူးတယ်'

ဟု ပြောလေသည်။

ယိလင်း ခေါင်းညိတ်လိုက်သည်။

'အစ်ကိုလဲ ကြားဖူးတယ်၊ ကုန်သည်တွေဟာ သွေးစကြာဂိုဏ်းရဲ့ဒဏ်ကို ခံခဲ့ရတာ မနည်းဘူး၊ ပစ္စည်းယူရုံမကဘူး၊ လူကိုပါသတ်ပစ်တတ်ကြလို့ ဝေးဝေးရှောင်ရလေ့ ရှိတယ်'

ချင်းယင်က....

'သူက သွေးစကြာဂိုဏ်းချုပ်နဲ့ ယှဉ်ပြိုင်ဖို့ ထွက်သွားပြီ'

'ဟုတ်တယ်၊ သူ့ကိုတားလို့ရမှာ မဟုတ်ဘူး'

'ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲဟင်'

ချင်းယင်က အားကိုးတကြီး မေးလေသည်။

ယိလင်းက....

'ညီမ ဘယ်လိုလုပ်စေချင်လို့လဲ'

ချင်းယင်က....

'သူဟာ တစ်ချိန်က အတော့်ကို ရက်စက်ကြမ်းကြုတ်ခဲ့တဲ့ လူတစ်ယောက်ဖြစ်ခဲ့ပေမယ့် ခုချိန်မှာ နောင်တရလာပြီဆိုတာ သေချာပါတယ်၊ ကျွန်မတို့လိုက်သွားကြရင်မကောင်းဘူးလား၊ သူ့မှာ အခက်အခဲရှိရင် ကူညီနိုင်တာပေါ့'

ယိလင်း ပင့်သက်ရှိုက်လိုက်လေသည်။

အလွန် အန္တရာယ်များသောကိစ္စဖြစ်မှန်း သဘောပေါက်လာသော်လည်း ချင်းယင်၏ ဆန္ဒကို မငြင်းပယ်လိုပါချေ။

ထို့ကြောင့်....

'ကောင်းပြီ....သွားကြတာပေါ့'

သူတို့သည် တဲအိမ်လေးထဲမှ ခပ်သွက်သွက်လှမ်းထွက်လိုက်လေသည်။

ထိုစဉ်....



'ဒါက ဘာသံတောလဲ'

မိုးခြိမ်းသံပမာ ကျယ်လောင်သောအသံကြီး ထွက်ပေါ်လာလေသည်။

ဗလကြီးသည် သူတို့ရှေ့သို့ရောက်ရှိလာသည်။

ယိလင်း မျက်နှာပျက်သွားလေသည်။

ချင်းယင်က....

'လမ်းဖယ်ပေးပါ'

ဟု ခပ်တည်တည်ပြောလိုက်လေသည်။

ဗလကြီးက....

'အောင်မယ် နင်ကပါ'

သူ စကားဆုံးအောင် မပြောလိုက်ရပါချေ။

လူရိပ်တစ်ခု ရိပ်ခနဲရောက်လာပြီး ဗလကြီးအား တွန်းထုတ်လိုက်လေသည်။

ဗလကြီး မကျေမနပ် ဖြစ်သွားသည်။

'ဘယ်ကောင်လဲကွ'

ဟု ဒေါသတကြီး အော်လိုက်လေသည်။

ဗလကြီးအား တွန်းထုတ်လိုက်သူမှာ ကျန်းဟို ဖြစ်လေသည်။

ကျန်းဟိုသည် ချင်းယင်၏ အိမ်မှထွက်သွားပြီး ခပ်လှမ်းလှမ်းသို့ အရောက်တွင် ဗလကြီးလာရောက် သောင်းကျန်းနေသော အသံဗလံများ ကြားလိုက်ရသဖြင့် ချက်ချင်း ပြန်လည်ရောက်ရှိလာခြင်းဖြစ်လေသည်။

ချင်းယင်နှင့် ယိလင်းတို့ ဝမ်းသာသွားကြလေသည်။

ကျန်းဟိုက ဗလကြီးအား စိုက်ကြည့်လိုက်ပြီး....

'သူတို့နှစ်ယောက်ကို ဘယ်တော့မှ နှောင့်ယှက်ဖို့ မကြိုးစားနဲ့'

ဟု ပြောလိုက်သည်။

ဗလကြီးက မျက်လုံးကြီးပြူးကာ....

'ကျုပ်က မင်းကို ကြောက်နေရမှာလား'

အော်ဟောက်ရင်း တိုက်ခိုက်ရန်ဟန်ပြင်လိုက်သည်။

ထိုစဉ်မှာပင်....

'ဒုပ်'

ကျန်းဟို၏ လက်သီးတစ်လုံးသည် ဗလကြီး၏ မျက်နှာတည့်တည့်သို့ ဝင်ရောက်သွားလေတော့သည်။

'အား'

ဗလကြီး ပက်လက်လန်ကာ လဲကျသွားလေသည်။



ကျန်းဟိုက ထပ်မံတိုက်ခိုက်ခြင်းမပြုဘဲ လက်ပိုက်ကြည့်နေလိုက်လေသည်။

ဗလကြီးသည် မြေပေါ်မှ လူးလိမ့်ထလာပါသည်။

ကျန်းဟိုကို မျက်လုံးပြူးကာ ကြည့်ရင်း....

'မင်း....မင်း'

ကျန်းဟိုက....

'သူတို့ကို ဘယ်တော့မှ မနှောင့်ယှက်နဲ့'

ဟု ထပ်ပြောလိုက်သည်။

ဗလကြီး နောက်ဆုတ်လိုက်လေသည်။

နှုတ်ခမ်းပေါက်ပြဲကာ သွေးများထွက်လာသကဲ့သို့ သွားသုံးချောင်းလည်း ကျိုးပဲ့သွားပါသည်။

ကျန်းဟိုအား ကြောက်ရွံ့သွားပြီ ဖြစ်လေသည်။

ကျန်းဟိုက....

'ကျုပ်ပြောတာ ကြားတယ်မဟုတ်လား'

ဟု ဟောက်လိုက်သည်။

ဗလကြီးက....

'ကြား... ကြားပါတယ်ဗျာ၊ ကျုပ် မနှောင့်ယှက် ဝံ့တော့ပါဘူး'

ဟု ထစ်ထစ်ငေါ့ငေါ့ ပြောလိုက်သည်။

ထို့နောက် ချာခနဲလှည့်ကာ ပြေးထွက်သွားလေတော့သည်။

*　　*　　*

ဗလကြီး ထွက်ပြေးသွားပြီ ဖြစ်လေသည်။

ကျန်းဟိုသည်လည်း ယိလင်းတို့အား နှုတ်ဆက်ကာ ထွက်သွားပြီ ဖြစ်လေသည်။

ယိလင်းနှင့် ချင်းယင်တို့ ငိုင်နေကြသည်။

သူတို့သည် ကျန်းဟိုနောက်သို့ လိုက်သွားလိုကြပါသော်လည်း မလိုက်ဖြစ်ကြတော့ချေ။

သူတို့လိုက်သွားခြင်းသည် ကျန်းဟိုအား ကူညီရာမရောက်သည့်အပြင် အနှောင့်အယှက်ပေးသလို ဖြစ်နေမည် မဟုတ်ပါလား။

ကျန်းဟိုထွက်သွားသည်ကို ငေးမောကာ ကြည့်နေမိကြလေသည်။

အတော်ကလေးကြာမှ ယိလင်း သက်ပြင်းချကာ...



'သူ နောင်တရပြီဆိုတာ သေချာပါတယ်၊ သူဟာ လူကောင်းတစ်ယောက် ဖြစ်လာတော့မှာပါ'

ဟု ရေရွတ်လိုက်လေသည်။

*　　*　　*

ဇီးကွက်သည် မျက်လုံးပြူးသော ငှက်တစ်ကောင် ဖြစ်သည်။

ဇီးကွက်ဟူသော ငှက်နာမည် ခံယူထားသည့် လူဇီးကွက်သည်လည်း မျက်လုံးပြူးနေ၏။

သူ၏မျက်လုံးများမှာ နဂိုကတည်းက ဇီးကွက်တစ်ကောင်ကဲ့သို့ ပြူးကျယ်နေခြင်းမျိုး မဟုတ်ပါ။

သူ၏ ရှေ့သို့ ရောက်လာသော လူတစ်ယောက်ကြောင့် အံ့ဩထိတ်လန့်ကာ မျက်လုံးပြူးနေခြင်း ဖြစ်ပါတော့သည်။

သူ၏ရှေ့သို့ ရောက်လာသူမှာ ကျန်းဟို ဖြစ်ပါသည်။

ဇီးကွက်သည် ကျန်းဟိုကို မယုံနိုင်စွာ ကြည့်ရင်း....

'မင်း....မင်း....မသေသေးဘူးနော်'

ဟု ထစ်ထစ်ငေါ့ငေါ့ ရေရွတ်လိုက်လေသည်။

ကျန်းဟိုက ရယ်မောလိုက်လေသည်။

'ကျုပ် သေပြီလို့ ထင်ထားတဲ့လူတွေသာ သေဆုံးသွားကြရတာပေါ့တယ်ဗျာ'

ဇီးကွက် ကမျက်နှာနောက်ဆုတ်လိုက်လေသည်။

ကျန်းဟိုက....

'ကျုပ်ကို ဒုက္ခပေးတဲ့လူအပေါ် ကျုပ်က ဘယ်တုန်းကမှ ခွင့်လွှတ်တတ်ခြင်း မရှိဘူးဆိုတာ ခင်ဗျားသိပါတယ်'

ဇီးကွက်၏မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားလေသည်။

ကျန်းဟိုက...

'ခင်ဗျားက ကျုပ်ရဲ့အကြောင်းသိလျက်နဲ့ ဘာကြောင့်များ ကျုပ်ကို သေတွင်းထဲပို့ဖို့ ကြိုးစားခဲ့ရတာလဲ'

ဇီးကွက် သက်ပြင်းချလိုက်သည်။

'ကျုပ်က မင်းကိုလာရှာတာ၊ ကျင်းလုံဆွေနဲ့ မမျှော်လင့်ဘဲ တွေ့လိုက်ရတယ်၊ မင်းအကြောင်းကို ပြောမပြဘူးဆိုရင် အရင်ဆုံးသေရမယ့်လူဟာ ကျုပ်ပဲ၊ ဒါကြောင့် ဘာမှမတတ်နိုင်တဲ့ ပြောပြလိုက်ရတာပါ၊ ကျုပ်ရဲ့နေရာမှာ မင်းရှိနေမယ်ဆိုရင်ကော ဘယ်လိုလုပ်မလဲ'

ကျန်းဟိုက....

'ဘာပဲဖြစ်ဖြစ် ကျုပ်ကို ဒုက္ခပေးသွားတာကို ခွင့်မလွှတ်နိုင်ဘူးဗျ'



ဇီးကွက် ခေါင်းငုံ့ထားလိုက်လေသည်။

'ကျုပ် ဘာမှမတတ်နိုင်လို့ပါ၊ မင်းက ခွင့်မလွှတ်နိုင်ဘူးဆိုရင် ကျုပ် ခေါင်းငုံ့ခံဖို့ပဲ ရှိပါတော့တယ်'

ကျန်းဟို ရယ်မောလိုက်သည်။

'ကျုပ်က သတ်ပစ်မယ်ဆိုရင် ခင်ဗျားအသေခံရမှာပဲပေါ့၊ ဟုတ်လား'

'ဟုတ်ပါတယ်ဗျာ'

ကျန်းဟို ခေါင်းခါယမ်းလိုက်သည်။

'ကောင်းပြီ၊ ခင်ဗျားကို ချမ်းသာပေးလိုက်မယ်'

'ဟင်'

မမျှော်လင့်သော စကားကြားလိုက်ရလျှင် ဇီးကွက် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ကျန်းဟိုအား မယုံကြည်နိုင်စွာ ကြည့်လိုက်လေသည်။

'မင်း....မင်း တကယ်ပြောတာလား'

'တကယ်ပေါ့၊ ဒါပေမယ့် ခင်ဗျားဘက်က တန်ရာတန်ဖိုးတော့ ပြန်ပြီးပေးဆပ်ရလိမ့်မယ်'

'ကျုပ်....ကျုပ်....'

'တခြားမဟုတ်ပါဘူးဗျာ၊ သေးစကြာဂိုဏ်းချုပ် သေးဘီလူးနဲ့ ကျုပ်တွေ့ချင်တယ်၊ ခင်ဗျား ချိန်းပေးရမယ်'

ဦးကွက် သက်ပြင်းချလိုက်လေသည်။

ကျန်းဟိုစေခိုင်းသော ကိစ္စသည် ခက်ခဲသောကိစ္စမဟုတ်ကြောင်း သဘောပေါက်လိုက်လေသည်။

ထို့ကြောင့်….

'ကောင်းပြီ၊ မင်းက ဘယ်နေရာမှာ တွေ့ချင်သလဲ ပြောပါ'

ဟုမေးလိုက်သည်။

ကျန်းဟိုက….

'အဖော်မဲ့တောင်ကုန်း'

သူတွေ့လိုသောနေရာကို ပြောလိုက်လေသည်။

* * *

အဖော်မဲ့တောင်ကုန်း။

အဖော်မဲ့တောင်ကုန်းသည် အလွန်အထီးကျန်ဆန်လှသော တောင်ကုန်းတစ်ခု ဖြစ်လေသည်။

လွင်တီးခေါင်တွင် ထီးထီးကြီးတည်ရှိနေသော တောင်ကုန်းတစ်ခုလည်း ဖြစ်လေသည်။



ကျန်းဟိုသည် အဖော်မဲ့တောင်ကုန်းတွင် ရောက်ရှိနေပြီ ဖြစ်ပါသည်။

သူက ကျောက်တုံးတစ်တုံးပေါ်၌ထိုင်ကာ တောင်ပေါ်သို့တက်ရာလမ်းကို စိုက်ကြည့်နေ၏။

မကြာပါချေ။

လူရိပ်တစ်ခုသည် တောင်ကုန်းပေါ်သို့ လျင်မြန်စွာ တက်ရောက်လာသည်ကို တွေ့လိုက်ရလေသည်။

သေွးဘီလူး ရောက်လာပြီဖြစ်လေသည်။

သွေးဘီလူးသည် ကျန်းဟိုကိုမြင်လျှင်….

'ကျုပ်ကိုချိန်းလိုက်တာ မှင်းကိုး၊ ကျုပ်ကလဲ မင်းကို တွေ့ချင်နေတာနဲ့ အတော်ပဲ၊ ခုတစ်လော ကျုပ်တို့သွေးစကြာဂိုဏ်းကို ရွှေနဂါးဂိုဏ်းဦးဆောင်တဲ့ အဖြူရောင်သိုင်းသမားတွေက သဲကြီးမဲကြီး လိုက်လံချေမှုန်းနေကြတယ်၊ ကျုပ်တို့ ရှောင်တိမ်းပုန်းအောင်းနေကြပေမယ့် ကျုပ်တို့လူတွေရှိနေတဲ့နေရာကို တစ်စုံတစ်ယောက်က အဖြူရောင်သိုင်းသမားတွေကို သတင်းပေး လက်ထောက်ချနေတာကြောင့် ချေမှုန်းခံရပြီး အထိနာနေတယ်၊ လက်ထောက်ချနေတဲ့လူဟာ မင်းပဲလို့ ဦးကွက်က ကျုပ်ကိုပြောတယ်'

ဟု ဒေါသတကြီး ပြောလာလေသည်။

ကျန်းဟိုက…

'ဟုတ်တယ်၊ ခင်ဗျားက ကျုပ်ကို ဒုက္ခပေးတော့ ကျုပ်ကလဲ ပြန်ပြီးဒုက္ခပေးရတာ မဆန်းပါဘူး'

သွေးဘီလူးက....

'ကောင်းပြီလေ၊ မင်းနဲ့ကျုပ် စာရင်းရှင်းလိုက်ကြတာပေါ့'

ကျန်းဟိုက....

'စိတ်ချ၊ အထည်ကုန်သည်လေးလုဝေးနဲ့ သူဌေးမကြီးမေဝါးတို့ ဇနီးမောင်နှံကို လုပ်ကြံသတ်ဖြတ်ခဲ့တဲ့အတွက် ကျုပ်ကလဲ ခင်ဗျားနဲ့ စာရင်းရှင်းရလိမ့်မယ်'

ပြောပြောဆိုဆို ဓားဆွဲထုတ်လိုက်လေသည်။

သွေးဘီလူးက....

'ကျန်းဟို၊ မင်းကို သူများတွေ ကြောက်ချင်ကြောက်မယ်၊ ကျုပ်ကတော့ ဂရုမစိုက်သေးဘူးဆိုတာ မှတ်ထားပါ'

စကားဆုံးလျှင် လက်ဝါးနှစ်ဖက်၌ အတွင်းအားစုစည်းကာ စတင်တိုက်ခိုက်လိုက်လေသည်။

အမှန်အတိုင်းဆိုလျှင် သွေးဘီလူးသည် ကျန်းဟိုထက် သိုင်းပညာအဆင့်မြင့်သူ ဖြစ်လေသည်။

ကျန်းဟို မည်သည့်နည်းနှင့်မျှ ယှဉ်နိုင်မည်မဟုတ်ချေ။



ထိုအချက်ကို ကျန်းဟိုကိုယ်တိုင် သဘောပေါက်ထားလေသည်။

သို့သော်....

ကျန်းဟိုသည် အသက်ကို ပဓာနမထားတဲ့ ချင်းယင်နှင့် ယိလင်းတို့အတွက် သွေးဘီလူးနှင့်ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်လေသည်။

သွေးဘီလူးက....

'သေဖို့သာပြင်ထား'

ဟု အော်ငေါက်ကာ စတင် တိုက်ခိုက်လာလေသည်။

ကျန်းဟိုက မလှုပ်မယှက် ရပ်နေသည်။

သွေးဘီလူးအနီးသို့ရောက်လာတော့မှ ဓားကိုဖျတ်ခနဲဆွဲထုတ်ကာ ထိုးသွင်းတိုက်ခိုက်လိုက်လေသည်။

သူက သွေးဘီလူး၏တိုက်ခိုက်မှုကို ရှောင်တိမ်းခြင်းမပြုချေ။

ထို့ကြောင့်....

'ဝုန်း....'

သွေးဘီလူး၏ လက်ဝါးရိုက်ချက်သည် သူ၏ရင်ဝသို့ ရိုက်ချမိလိုက်လေသည်။

ထို့အတူ....

ကျန်းဟို လျှပ်တစ်ပြက် ထိုးသွင်းလိုက်သော ဓားသည်လည်း သွေးဘီလူး၏ရင်ဝသို့ စိုက်ဝင်သွားလေတော့သည်။

'ဒုတ်'

'အား'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

ကျန်းဟိုနှင့်သွေးဘီလူးတို့ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားကြလေတော့သည်။

ထို့နောက်....

'ဖုတ်'

မြေပေါ်သို့ နှစ်ယောက်စလုံး လဲကျသွားကြလေတော့သည်။

* * *

သွေးဘီလူးနှင့်ကျန်းဟိုတို့ မြေပေါ်တွင် လဲကျနေ၏။



အတော်ကလေးကြာတော့မှ ကျန်းဟို လှုပ်လှုပ်ရှားရှားဖြစ်လာသည်။

မြေပေါ်မှ အားယူကာ လူးလိမ့်ထလိုက်လေသည်။

'ဝေါ့'

ပါးစပ်ထဲမှ သွေးများအန်ထုတ်လိုက်လေသည်။

ထို့နောက် ဒယီးဒယိုင်ဖြင့် တောင်ကုန်းပေါ်မှ ပြေးဆင်းသွား၏။

သွေးဘီလူးကား မြေပေါ်၌ မလှုပ်မယှက် စန့်စန့်ကြီးလဲကျလျက် ကျန်းဟိုက သူ့သေကိုယ်သေတိုက်ခိုက်လာမည်ဟု မထင်မှတ်သဖြင့် ကျန်းဟို၏ဓားချက်မိကာ မရှူမလှ ဇာတ်သိမ်းသွားရခြင်း ဖြစ်ပေတော့သည်။

* * *

နေ့ရက်အသီးသီး ပြောင်းလဲသွားပြီ ဖြစ်လေသည်။

သွေးစကြာအဖွဲ့သည် ရွှေနဂါးဂိုဏ်းနှင့် အဖြူရောင်သိုင်းသမားများ၏ လက်ချက်မိကာ ပြိုကွဲပျက်စီးသွားပြီ ဖြစ်သည်။

ယိလင်းနှင့် ချင်းယင်တို့သည် လူသိရှင်ကြား လက်ထပ်လိုက်ကြလေသည်။

ထိုအချက်ကြောင့် ရွှေနဂါးဂိုဏ်းချုပ်မှာ သမီးဖြစ်သူအတွက် ဖြေသိမ့်စရာ ရသွားလေသည်။

ယိလင်းက မုဆိုးမလေးတစ်ယောက်နှင့် ပတ်သက်နေ၍ သူ၏သမီးနှင့်သဘောမတူဘဲ ပျက်ခဲ့ရခြင်းဖြစ်ကြောင်း ဆင်ခြေပေးစရာ ဖြစ်သွားလေသည်။

ဆွေရှမ်းသည်လည်း သီလရှင် ဝတ်သွားလေသည်။

ထူးခြားသည်မှာ....

သိုင်းလောကသားများ ခေါင်းကိုက်ခဲ့ရသော ကြေးစားလူသတ်သမား ကျန်းဟိုတစ်ယောက်သိုင်းလောကမှပျောက်ချင်းမလှ ပျောက်ကွယ်သွားခြင်း ဖြစ်ပေတော့သည်။

* * *

တောင်ပေါ်တွင် ဘုံကျောင်းတစ်ခု ရှိနေသည်။

တောင်အောက်တွင် စမ်းချောင်းတစ်ခု ရှိသည်။



တောင်ပေါ်ဘုံကျောင်း၌ အသုံးပြုရန်ရေကို တောင်အောက် စမ်းချောင်းလေးမှ ခပ်ယူရလေသည်။

ယခုနေ့....

ကျန်းဟိုသည် စမ်းချောင်းထဲမှရေကို ထမ်းပိုးဖြင့်ထမ်းကာ တောင်ပေါ်သို့ တက်လာခဲ့လေသည်။

သူက တောင်ပေါ်ဘုံကျောင်းသို့ ရောက်လာခဲ့သည်မှာ အတော်ကြာပြီ ဖြစ်ပါသည်။

ကြေးစားဘဝကို စွန့်လွှတ်လိုက်ပြီး တောင်ပေါ် ဘုံကျောင်းသို့ လာရောက်ကာ တိတ်တဆိတ် ဇာတ်မြှုပ်နေခဲ့ခြင်း ဖြစ်လေသည်။

ကျန်းဟိုသည် ဆိုးသွမ်းခဲ့သမျှကို နောင်တရသွားပြီ ဖြစ်သည်။

လူဆိုးတစ်ယောက်ဘဝမှ လူကောင်းတစ်ယောက်အဖြစ်နေထိုင်သွားရန် ဆုံးဖြတ်ထားပြီး ဖြစ်လေသည်။

ကျန်းဟိုက ရေထမ်းကာ တောင်ပေါ်သို့ တက်လာစဉ်မမျှော်လင့်ဘဲ လမ်းပိတ်ထားသူတစ်ယောက်အား တွေ့လိုက်ရလေသည်။

ကျန်းဟို ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ထိုလူက....

'ကျန်းဟို... မင်းက ဒီမှာလာပုန်းနေပေမယ့် မလွတ်ပါဘူးကွာ'

ဟု ပြောလာလေသည်။

ကျန်းဟို မျက်နှာပျက်သွားလေသည်။

'လက်စသတ်တော့ ခင်ဗျားက ကျုပ်ကိုသိနေတာကိုး၊ ကျုပ်ကတော့ ခင်ဗျားကိုမသိပါလား၊ ခင်ဗျား ဘယ်သူလဲဆိုတာ၊ ပြောပါဦးဗျာ'

ထိုလူက မဲ့ပြုံးပြုံးလိုက်သည်။

'ငွေခါးသိုင်းသမားကို မင်းသိမှာပေါ့၊ မင်းရဲ့လက်ချက်ကြောင့် သေဆုံးသွားခဲ့ရတယ်လေ'

'ဩော်....ခင်ဗျားက သူနဲ့ပတ်သက်နေတာကိုး၊ ဒါဆိုရင် ခင်ဗျားဟာ အရှေ့ပင်လယ်က ခေါင်းဘီလူးဖြစ်မယ် ထင်ပါတယ်'

ထိုလူက....

'ဟုတ်တယ်၊ ငွေခါးသိုင်းသမားအတွက် မင်းကိုဆုံးမရလိမ့်မယ်၊ ရှောင်နိုင်ရင် ရှောင်ပေတော့'

စကားဆုံးလျှင် ခါးမှဓားကိုဆွဲထုတ်လိုက်လေသည်။

ထို့နောက် ကျန်းဟိုအား ထိုးသွင်းလိုက်၏။



ကျန်းဟို မရှောင်နိုင်ပါ။

ပြင်းထန်သောဓားချက်ကြောင့် တစ်ချက်သာ ညည်းညူနိုင်ပြီး မြေပေါ် လဲကျသွားလေသည်။

ခေါင်းဘီလူးက ကျေနပ်သွားသည်။

'ခုတော့ မင်း ဘာတတ်နိုင်သေးသလဲ၊ ဟား....ဟား....ဟား'

သဘောကျစွာ ရယ်မောလိုက်ပြီး ချာခနဲ လှည့်ထွက်သွားလေသည်။

ကျန်းဟိုကား မြေပေါ်မလှုပ်ယှက် လဲကျလျက်....

သူက မိုက်မဲမိခဲ့သမျှ နောင်တရနေပြီ ဖြစ်သည်။

သို့သော်....

နောင်တဟူသည် အခါလွန်မှ ရလာတတ်သော အသိတရား တစ်မျိုးမဟုတ်ပါလား။

ကျန်းဟိုသည် မိုက်မဲခဲ့သမျှကို အသက်ဖြင့် ပေးဆပ်သွားခဲ့ရလေတော့သည်။

(ပြီးပါပြီ)

လွင်စာပေ
အမှတ် ၁၅/၁၃၈၊ ဗိုလ်
ဖုန်း ၂၀၃၄၄